မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၂၅ ]** ရန်ကုန်မြို့ { ၁၃၇၇ ခုနှစ်၊ ပဌမဝါဆိုလဆန်း ၃ ရက် ( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၉ ရက် ) } **သောကြာနေ့ [ အတွဲ ၆၈**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၃၅/၂၀၁၅**

၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၄ ရက်

( ၂၀၁၅ ခုနှစ်၊ မေလ ၂၁ ရက် )

**မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့တွင်**
**အတွင်းရေးမှူး ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၃ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇၄/၂၀၁၂) နှင့် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၂/၂၀၁၄) တို့ဖြင့် ဖွဲ့စည်းခဲ့သော **"မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့"** တွင် ဒေါ်လှဲ့လှဲ့သိန်း၊ ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအား အတွင်းရေးမှူးအဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၃၆/၂၀၁၅**

၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၅ ရက်

( ၂၀၁၅ ခုနှစ်၊ မေလ ၂၂ ရက် )

**ပင်လယ်ပြင်အတွင်း တရားမဝင်ရွှေ့ပြောင်းသွားလာသူများဆိုင်ရာ**
**အရေးပေါ်စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတကာသတင်းများတွင် ဖော်ပြလျက်ရှိသည့် ကပ္ပလီပင်လယ်နှင့် မလက္ကာရေလက်ကြားတို့၌ ဖြစ်ပေါ်လျက်ရှိသော ရွှေ့ပြောင်းအခြေချလိုသူများ၊ ပင်လယ်အတွင်း လှေစီးဒုက္ခသည်များကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းနိုင်ငံများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် **"ပင်လယ်ပြင်အတွင်း**

**တရားမဝင်ရွှေ့ပြောင်းသွားလာသူများဆိုင်ရာ အရေးပေါ်စီမံခန့်ခွဲရေးကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ (၂) | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၄) | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စျ) | ဒုတိယဝန်ကြီး<br>အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဝန်ကြီး<br>လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန<br>တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဌ) | ဝန်ကြီး<br>လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန<br>မွန်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဍ) | ဝန်ကြီး<br>လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန<br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဎ) | ဝန်ကြီး<br>လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဏ) | ဝန်ကြီး<br>လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန<br>ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (တ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ ပင်လယ်ပြင်အတွင်းတရားမဝင် ရွှေ့ပြောင်းသွားလာသူများဆိုင်ရာ အရေးပေါ်စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ပင်လယ်ပြင်အတွင်း တရားမဝင်ရွှေ့ပြောင်းသွားလာသူများနှင့်ပတ်သက်၍ နိုင်ငံတကာ၏ မြန်မာနိုင်ငံအပေါ် စွပ်စွဲဝေဖန်မှုများကို အချက်အလက်ပြည့်စုံစွာဖြင့် တုံ့ပြန်ဆောင်ရွက်သွားရန်။

(ခ) တရားမဝင်ရွှေ့ပြောင်းသွားလာမှု၊ လူမှောင်ခိုကူးမှုနှင့် လူကုန်ကူးမှုများ တားဆီးရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် တာဝန်များအား ထိရောက်စွာ ဆောင်ရွက်သွားရန်။

(ဂ) နိုင်ငံတကာအစည်းအဝေးများတွင် တရားမဝင်ရွှေ့ပြောင်းသွားလာမှု၊ လူမှောင်ခိုကူးမှုနှင့် လူကုန်ကူးမှုများနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ရပ်တည်ချက်နှင့် ဆောင်ရွက်ချက်များအား ရှင်းလင်းပြတ်သားစွာ ပြောကြားသွားရန်။

(ဃ) လတ်တလောဖြစ်ပေါ်နေသော ပင်လယ်ပြင်အတွင်း တရားမဝင်ရွှေ့ပြောင်းသွားလာသူများ သတင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် မူရင်းနိုင်ငံမဟုတ်ကြောင်း သက်သေထင်ရှားပြသနိုင်ရေး ဆောင်ရွက်သွားရန်။

(င) ပင်လယ်ပြင်အတွင်း ဘေးဒုက္ခတွေ့ကြုံနေသော ဒုက္ခသည်များအား ရှာဖွေကယ်ဆယ်သည့် လုပ်ငန်းစဉ်များ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်စေရေး ကြပ်မတ်သွားရန်။

၃။ ကော်မတီသည် လိုအပ်သည့်အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်သွားရန် ဖြစ်ပါသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် ၃၇/၂၀၁၅

၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၈ ရက်
( ၂၀၁၅ ခုနှစ်၊ မေလ ၂၅ ရက် )

## ပင်လယ်ပြင်အတွင်း တရားမဝင်ရွှေ့ပြောင်းသွားလာသူများဆိုင်ရာ အရေးပေါ်စီမံခန့်ခွဲရေးကော်မတီတွင် အဖွဲ့ဝင် ဖြည့်စွက်ဖွဲ့စည်းခြင်း

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၅ ခုနှစ်၊ မေလ ၂၂ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၁၅) ဖြင့် ဖွဲ့စည်းခဲ့သော **“ပင်လယ်ပြင်အတွင်း တရားမဝင်ရွှေ့ပြောင်းသွားလာသူများဆိုင်ရာ အရေးပေါ်စီမံခန့်ခွဲရေးကော်မတီ”** တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ စစ်ဦးစီးအရာရှိချုပ် (ကြည်း) အား အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်ပါသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၁၀၇/၂၀၁၄)

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်
( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက် )

## ရေနံလက်ယက်တွင်းတိမ် ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၅၅၊ ပုဒ်မခွဲ (ခ) နှင့် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၄ အရ အပ်နှင်းသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဂ) အရ အစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ ထုတ်လုပ်၊ ဝယ်ယူ၊ ရောင်းချခြင်းလုပ်ငန်းများတွင် အကျုံးဝင်သည့်

ရေနံလက်ယက်တွင်းတိမ်များ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင်ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၀/၂၀၁၄) ခွင့်ပြုချက်ဖြင့် အောက်ပါဇယားအပိုဒ်ခွဲ (က) တွင် ပါရှိသော အသင်း၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်အား လုပ်ကိုင်ခွင့်ပြုသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်၊ မြေပုံအညွှန်းပါ ဧရိယာအကျယ်အဝန်း၊ နယ်မြေသတ်မှတ်ချက်တွင် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ထိ တစ်နှစ်တိတိ လုပ်ကိုင်ဆောင်ရွက်ခွင့် ပြုလိုက်သည် -

| **လုပ်ကိုင်ခွင့်ပြုသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်၊ အကျယ်အဝန်း၊ မြေပုံအညွှန်း** | | |
|---|---|---|
| (က) | အသင်း၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်အမည် | - ဒေါ်စန္ဒာဦး |
| (ခ) | မှတ်ပုံတင်အမှတ် | - ၈/မလန (နိုင်) ၁၀၄၂၂၇ |
| (ဂ) | နေရပ်လိပ်စာအပြည့်အစုံ | - အမှတ် (၉) ရပ်ကွက်၊ မင်းလှမြို့။ |
| (ဃ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် | - မကွေးတိုင်းဒေသကြီး |
| (င) | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | - |
| (စ) | ခရိုင် | - သရက် |
| (ဆ) | မြို့နယ် | - မင်းလှ |
| (ဇ) | အကျယ်အဝန်း (ဧက) | - ၂၀၀ ဧက |
| (ဈ) | နယ်မြေသတ်မှတ်ချက် | - (၁) ဇက်-၁၅၀၉၅၅ မှ ဇက်-၁၆၀၉၅၅ ထိ<br>(၂) ဇက်-၁၆၀၉၅၅ မှ ဇက်-၁၆၀၉၄၅ ထိ<br>(၃) ဇက်-၁၆၀၉၄၅ မှ ဇက်-၁၅၀၉၄၅ ထိ<br>(၄) ဇက်-၁၅၀၉၄၅ မှ ဇက်-၁၅၀၉၅၅ ထိ |
| (ည) | မြေပုံညွှန်း | - တစ်လက်မ = တစ်မိုင်စကေး |
| (ဋ) | မြေပုံအမှတ် | - **(၈၅/အိုင်-၁၄)** |

၃။ လုပ်ကိုင်ဆောင်ရွက်ခွင့်ရသည့် အသင်း၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များသည် လုပ်ငန်းဆောင်ရွက်သည့်နေ့မှစတင်၍ ဤခွင့်ပြုမိန့်နှင့်ပူးတွဲပါ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် အထူးစီမံလိုက်နာဆောင်ရွက်ရမည့်အချက်များနှင့်အညီ တိတိကျကျလုပ်ကိုင်ဆောင်ရွက်ရမည်။

၄။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၉ အရ အထက်အပိုဒ် ၂ ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသော လုပ်ငန်းများနှင့်စပ်လျဉ်း၍ အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို ကြီးကြပ်ကွပ်ကဲရန် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးအပ်သည့်တာဝန်ကို ဆောင်ရွက်ရမည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

**လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ** ပူးတွဲ

၁။ ရေနံလက်ယက်တွင်း (ပေတိမ်) တူးဖော်ရာတွင် အများဆုံး အနက်ပေ ၁၀၀၀ (ပေတစ်ထောင်) အထိသာ တူးဖော်ရမည်။

၂။ လုပ်ကိုင်ခွင့်ပြုသည့်ဧရိယာအတွင်းရှိ တွင်းတစ်တွင်း သို့မဟုတ် တွင်းစုများ၏ပတ်ဝန်းကျင် ပေ ၅၀ အကွာမှ စည်းရိုးဝင်းခြံပြုလုပ်၍ အကာအကွယ်၊ အဟန့်အတားပြုလုပ်ထားရမည်။

၃။ လုပ်ကိုင်ခွင့်ပြုသည့်ဧရိယာအတွင်းသို့ အသက်မပြည့်သေးသော ကလေးသူငယ်များ၊ ကျွဲ၊ နွား တိရစ္ဆာန်များ မဝင်ရောက်စေရေးအတွက် အထူးကြပ်မတ်ဆောင်ရွက်သွားရမည်။

၄။ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် စီမံချက်များ စနစ်တကျကြိုတင်ထားရှိရမည်။

၅။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်ဘေးအန္တရာယ်မဖြစ်စေရေးအတွက် တူးဖော်ထုတ်လုပ်ခွင့်ပြုထားသည့်ဧရိယာများတွင် ရေနံစိမ်းများ စီးဆင်းယိုဖိတ်မှုမဖြစ်စေရေးကို အထူးကြပ်မတ်ဆောင်ရွက်ရမည်။

၆။ ရေနံတူးဖော်စဉ် သဘာဝဓာတ်ငွေ့ထွက်ရှိပါက စွမ်းအင်ဝန်ကြီးဌာနသို့ချက်ချင်းအကြောင်းကြားရမည်။

၇။ နေ့စဉ် ရေနံစိမ်းထုတ်လုပ်မှုပမာဏကို စာရင်းဇယားများ ပြုစုထားရှိပြီး တစ်လလျှင် တစ်ကြိမ် ထုတ်လုပ်မှုစုစုပေါင်းကို လကုန်ပြီးနောက် ခုနစ်ရက်အတွင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ မပျက်မကွက်တင်ပြရမည်။

၈။ တူးဖော်ထုတ်လုပ်ခွင့်ရရှိသူအနေဖြင့် လျှောက်လွှာစိစစ်ပေးရသည့် ဝန်ဆောင်ခ၊ တူးဖော်ခွင့်ပြုမိန့်လိုင်စင် (အသစ်) ကြေး၊ တူးဖော်ခွင့်ပြုမိန့်လိုင်စင် (သက်တမ်းတိုး) ကြေးနှင့် တူးဖော်လုပ်ကိုင်ခွင့်ရရှိသည့် မြေငှားရမ်းခတို့ကို သတ်မှတ်နှုန်းထားများအတိုင်း မပျက်မကွက်ပေးဆောင်ရမည်။

၉။ ထုတ်လုပ်ရရှိသည့် ရေနံစိမ်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်က သတ်မှတ်သည့် ခိုင်ကြေး (Royalty) ကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ မပျက်မကွက်ပေးဆောင်ရမည်။

၁၀။ ထုတ်လုပ်ရရှိသည့် ရေနံစိမ်းများရောင်းချမှုအပေါ်တွင် စည်းကြပ်သည့်အမြတ်ခွန်ကို မပျက်မကွက်ပေးဆောင်ရမည်။

၁၁။ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် မိမိလုပ်ကိုင်ခွင့်ရရှိသည့် ရေနံလက်ယက်တွင်းတိမ် ရှာဖွေတူးဖော်ထုတ်လုပ်သည့်လုပ်ငန်းကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ အခါအားလျော်စွာ စစ်ဆေးခြင်းကို ခံယူရမည်။

၁၂။ လုပ်ကိုင်ခွင့်ပြုမိန့် (အသစ်) နှင့် ခွင့်ပြုမိန့် (သက်တမ်းတိုး) ရရှိသူအားလုံးအတွက် **သုံးလအတွင်း ရေနံ**ထုတ်လုပ်နိုင်ခြင်းမရှိပါက လုပ်ကိုင်ခွင့်ရုပ်သိမ်းခြင်းခံရမည်။

**မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် အထူးစီမံလိုက်နာဆောင်ရွက်ရမည့်အချက်များ**

(က) ရေနံလက်ယက်တွင်းတိမ်တူးရန်နေရာကို တွင်းတစ်တွင်းနှင့်တစ်တွင်းကြား အရေးပေါ်မီးသတ်ယာဉ်များ အလွယ်တကူဝင်ထွက်သွားလာနိုင်မည့် လမ်းနေရာချန်လှပ်၍ သတ်မှတ်ခြင်းနှင့် တွင်းတစ်တွင်းနှင့်တစ်တွင်းကြား မီးတားလမ်းများ ထားရှိခြင်းပြုရမည်။

( ခ ) မီးသတ်ယာဉ်များနှင့်ပူးပေါင်း၍ မီးငြိမ်းသတ်နိုင်ရန် ဆီမီးသတ်အမြှုပ်ဆေးရည် (Foam Compound) အနည်းဆုံး ဂါလန် ၅၀ ထားရှိရမည်။

( ဂ ) လုပ်ကွက်အတွင်း မီးသတ်ကားဝင်ရောက်နိုင်ခြင်းမရှိသောနေရာဖြစ်လျှင် ယင်းနေရာ၌ မီးလောင်ကျွမ်းမှုဖြစ်ပွားပါက အလွယ်တကူသုံးစွဲနိုင်ရေးအတွက် ဓာတုဗေဒဆေးမှုန့်ခြောက် မီးသတ်ဆေးဘူးတွန်းလှည်း (Dry Chemical Power Trolley Type 50 Kg, 35 Kg) များ ထားရှိရမည်။

(ဃ) ပတ်ဝန်းကျင်ကျေးရွာများနှင့် ရေနံလုပ်ကွက်များအကြား ဘေးကင်းလုံခြုံရေးအကွာအဝေး (Safety Distance) ကို အနည်းဆုံး ပေ ၁၀၀၀ ထားရှိရန်။

( င ) ရေနံမြေဧရိယာကို သီးသန့်ကန့်သတ်နယ်မြေအဖြစ် သတ်မှတ်၍ လူနေထိုင်ခြင်းနှင့် မီးသုံးစွဲခြင်းတို့ကို (လုံးဝ) ရှောင်ကြဉ်ရမည့်အပြင် မီးသတိပေးပိုစတာများ စိုက်ထူခြင်း၊ အရေးပေါ်မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ ပြည့်စုံလုံလောက်စွာထားရှိခြင်း ပြုရမည်။

( စ ) ရေနံတွင်းတိုင်းတွင် အရေးပေါ်မီးသတ်ကိရိယာများ၊ သဲကန်များနှင့် ဂေါ်ပြားများ ပြည့်စုံလုံလောက်စွာ ထားရှိရမည်။

(ဆ) ရေနံတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို လက်တွေ့ဆောင်ရွက်ကြရသည့် တွင်းခပ်ရေနံလုပ်သားများအား လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် မီးဘေးလုံခြုံရေးဆိုင်ရာအသိပညာပေးခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ်ပြုလုပ်ရမည်။

(ဓ) တွင်းခပ်လုပ်သားများအား နေ့စဉ် အဆိုင်းသုံးဆိုင်းဖွဲ့စည်း၍ အလှည့်ကျတာဝန်ပေးသည့်စနစ်ကို သုံးပြီး လုပ်ငန်းဆောင်ရွက်စေခြင်းနှင့် ညပိုင်းတာဝန်ကျလုပ်သားများအတွက် အနီးကပ်ကြီးကြပ်နိုင်သူ အနည်းဆုံး တစ်ဦးထားရှိပြီး လုပ်ငန်းဆောင်ရွက်မှုကို စနစ်တကျကွပ်ကဲရမည်။

(ဈ) ရေနံထွက်ပစ္စည်းများသည် မီးစတင်စွဲငြိနိုင်သည့်အပူချိန် (Flash Point) နိမ့်ပြီး စိုထိုင်းဆ နည်းခြင်းကြောင့် ကိုင်တွယ်ရွှေ့ပြောင်းရာတွင် အထူးအလေးထားဂရုပြုဆောင်ရွက်ရမည်။

(ည) ရေနံခပ်ခွက်များတွင် လက်ကိုင်သံကိုင်းများအစား ကြေးကိုင်းများဖြင့် အစားထိုးတပ်ဆင်ခြင်း သို့မဟုတ် ပလတ်စတစ်အုပ်ထားသောသံကိုင်းများ တပ်ဆင်သုံးစွဲခြင်းပြုရမည်။

(ဋ) ရေနံတွင်းများမှ ရေနံစိမ်းခပ်ယူသည့်အချိန်တွင် အလျင်စလိုဆောင်ရွက်ခြင်းမပြုဘဲ ပွတ်တိုက်မှု အနည်းဆုံးဖြစ်စေရေးအတွက် ဖြည်းဖြည်းနှင့်မှန်မှန် အတင်/အချ ပြုလုပ်ရမည်။

(ဌ) ထုတ်လုပ်ရရှိလာသောရေနံစိမ်းများကို ယာယီသိုလှောင်ထားရှိမည့်နေရာသို့ အချိန်နှင့်တစ်ပြေးညီ ရွှေ့ပြောင်းထားရှိခြင်းနှင့် ရေနံတွင်းအနီးတွင် ရေနံစိမ်းဂါလန် ၁၀၀ ထက် ပိုမိုထားရှိခြင်းမပြုရ။

(ဍ) ရေနံစိမ်းများ သယ်ယူရွှေ့ပြောင်းရာတွင် ဖိတ်စဉ်မှုမရှိစေရေးအတွက် အထူးဂရုပြုဆောင်ရွက်ရမည်။

(ဎ) ရေနံခပ်ရာတွင် အသုံးပြုသော ကလပ်ခုံနှင့် ဒီဇယ်အင်ဂျင်စက်များကို ရေနံတွင်းနှင့် အနည်းဆုံး ၁၅ ပေအကွာတွင် ထားရှိ၍ အင်ဂျင်စက်များတွင် အိပ်ဇောဆလင်ဒါတပ်ဆင်ထားရမည်ဖြစ်ပြီး အိပ်ဇော အပေါက်ဝကို ရေနံတွင်းနှင့်ဆန့်ကျင်ဘက်အရပ်မျက်နှာသို့ လှည့်ထားရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၁၅)**

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၁ ရက် )

**ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန် ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊

ညွှန်ကြားရေးမှူးချုပ်၊

ပြည်ထောင်စုလွှတ်တော်ရုံး။

**ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (မူကြမ်း)**

**( ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  /၂၀၁၅)**

၁၃၇၇ ခုနှစ်၊  လ ရက်

( ၂၀၁၅ ခုနှစ်၊  လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **၂၀၁၅ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ** ဟု ခေါ်တွင် စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ရှေးဟောင်းဝတ္ထုပစ္စည်းဆို**သည်မှာ ပုဒ်မ ၄ တွင် ဖော်ပြထားသော အရာဝတ္ထုများကိုဆိုသည်။

(ခ) **မြန်မာ့မူရင်းမဟုတ်သော ရှေးဟောင်းဝတ္ထုပစ္စည်း**ဆိုသည်မှာ ပြည်ပနိုင်ငံတစ်ခုခု၌ပြုလုပ်ခဲ့ပြီး အကြောင်းတစ်ရပ်ရပ်ကြောင့် မြန်မာနိုင်ငံသို့ရောက်ရှိနေသည့် ရှေးဟောင်းဝတ္ထုပစ္စည်းကို ဆိုသည်။

(ဂ) **ကာကွယ်ထိန်းသိမ်းခြင်း**ဆိုသည်မှာ အခွန့်ရှည်တည်တံ့စေရန်အလို့ငှာ ရှေးဟောင်းဝတ္ထုပစ္စည်းကို ဖုံးအုပ်ကာကွယ်ခြင်း၊ ပြန်လည်ပြုပြင်ခြင်း၊ ရှေးမူမပျက်အသစ်ပြန်လည်ပြုပြင်ခြင်း၊ ဆေးကြောသုတ်သင်မွမ်းမံခြင်းနှင့်ဓာတုဗေဒနည်းအပါအဝင် အခြားနည်းလမ်းများဖြင့် ထိန်းသိမ်းဆောင်ရွက်ခြင်းတို့ကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ ယဉ်ကျေးမှုဝန်ကြီးဌာနကို ဆိုသည်။

(င) **ဦးစီးဌာန**ဆိုသည်မှာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနကို ဆိုသည်။

(စ) **ဦးစီးဌာနက လွှဲအပ်တာဝန်ပေးခြင်းခံရသည့်ဌာန**ဆိုသည်မှာ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ဖွင့်လှစ်ထားသော ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ဌာနခွဲများကိုဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရှေးဟောင်းဝတ္ထုပစ္စည်းများ အခွန့်ရှည်တည်တံ့စေရေးအတွက် ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာ မူဝါဒကို အကောင်အထည်ဖော်နိုင်ရန်၊

(ခ) သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူတို့၏ပြုလုပ်မှုကြောင့်ဖြစ်စေ ရှေးဟောင်းဝတ္ထုပစ္စည်းများ ယိုယွင်းပျက်စီးခြင်းမရှိစေရေးအတွက် ကာကွယ်ထိန်းသိမ်းနိုင်ရန်၊

(ဂ) ရှေးဟောင်းဝတ္ထုပစ္စည်းများကိုကာကွယ်ထိန်းသိမ်းခြင်းဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေရန်နှင့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ရှင်သန်ခိုင်မာစေရန်၊

(ဃ) အများပြည်သူတို့က ရှေးဟောင်းဝတ္ထုပစ္စည်းများ၏ တန်ဖိုးကြီးမားမှုကို နားလည်ခံယူနိုင်ကြစေရန်၊

(င) ရှေးဟောင်းဝတ္ထုပစ္စည်းများကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်က သဘောတူလက်ခံထားသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း၊ ဒေသဆိုင်ရာ သဘောတူညီချက်များနှင့်အညီ ဆောင်ရွက်ရန်။

## အခန်း (၃)
## ရှေးဟောင်းဝတ္ထုပစ္စည်းအဖြစ်သတ်မှတ်ခြင်း

၄။ ရှေးဟောင်းဝတ္ထုပစ္စည်းဟု ဦးစီးဌာနက စုံစမ်းစစ်ဆေးသည့် နေ့ရက်မတိုင်မီ နှစ်ပေါင်း ၁၀၀ က တည်ရှိသော သမိုင်းကြောင်းအရဖြစ်စေ၊ ယဉ်ကျေးမှုအရဖြစ်စေ၊ အနုပညာလက်ရာအရဖြစ်စေ၊ မနုဿဗေဒအရဖြစ်စေ၊ သတ္တဗေဒအရဖြစ်စေ၊ ရုက္ခဗေဒအရဖြစ်စေ ရှေးဟောင်းအမွေအနှစ်ဆိုင်ရာ တန်ဖိုးကြီးမားသောကြောင့် ကာကွယ်ထိန်းသိမ်းခြင်းအတွက် လိုအပ်သည့် မြေပေါ်မြေအောက်တွင်သော်လည်းကောင်း၊ ရေပေါ်ရေအောက်တွင်သော်လည်းကောင်းရှိသည့် ရွှေ့ပြောင်းနိုင်သော သို့မဟုတ် မရွှေ့မပြောင်းနိုင်သော အောက်ပါဝတ္ထုပစ္စည်းများကို ရှေးဟောင်းဝတ္ထုပစ္စည်းများဟု သတ်မှတ်သည် -

(က) လူနှင့်တိရစ္ဆာန်အမျိုးမျိုးတို့၏ ကျောက်ဖြစ်ရုပ်ကြွင်း၊ ရုပ်အလောင်းနှင့် အရိုးစုများအပါအဝင် သတ္တဗေဒနှင့် ရုက္ခဗေဒဆိုင်ရာ ရုပ်ကြွင်းများ၊

(ခ) ဘုရားဆင်းတု၊ အုတ်ခွက်ဘုရား၊ နံရံဆေးရေးပန်းချီ၊ အဝတ်ပန်းချီ၊ ရုပ်ပုံများ၊ ပြိုကျပျက်စီးသွားပြီဖြစ်သည့် အပျက်အစီးများ၊ ယုံကြည်ကိုးကွယ်မှုဆိုင်ရာပစ္စည်းများ၊

(ဂ) စေတီပုထိုးနှင့် သိမ်ကျောင်းအပါအဝင် သာသနိကအဆောက်အအုံများ၌ ပုံဖော်မွမ်းမံထားသော အင်္ဂတေပန်းလက်ရာများ၊

(ဃ) ကျောက်၊ ကြေး၊ သံ သို့မဟုတ် သတ္တုတစ်မျိုးမျိုးဖြင့်သော်လည်းကောင်း၊ အရိုး၊ အစွယ်၊ သစ်သား သို့မဟုတ် ဝါးဖြင့်သော်လည်းကောင်း ပြုလုပ်ထားသော လက်နက်ကိရိယာများ၊

(င) ရွှေ၊ ငွေ၊ ကြေး၊ သံ သို့မဟုတ် သတ္တုတစ်မျိုးမျိုးဖြင့် သွန်းထားသော ဒင်္ဂါး၊ မြေ သို့မဟုတ် ရွှံ့ဖြင့် ပြုလုပ်ထားသော ဒင်္ဂါးနှင့် ငွေကြေးအဖြစ် အသုံးပြုခဲ့သော ရွှေတိုရွှေစ၊ ငွေတိုငွေစ၊ ရွှေခွက်နှင့် ငွေခွက်များ၊

(စ) ရွှေ၊ ငွေ၊ ကျောက်၊ ကြေး၊ သံ သို့မဟုတ် သတ္တုတစ်မျိုးမျိုးဖြင့်သော်လည်းကောင်း၊ မြေ၊ ရွှံ့၊ အင်္ဂတေ၊ အုတ်၊ ကျောက်၊ သစ်သား၊ အရိုး သို့မဟုတ် အစွယ်ဖြင့်သော်လည်းကောင်း ပြုလုပ်ထားသော ရုပ်တု၊ ဆင်းတုနှင့် ရုပ်လုံးရုပ်ကြွများ၊

(ဆ) မြန်မာ့မင်းခမ်းတော်ပစ္စည်းနှင့် နန်းတွင်းအသုံးအဆောင်ပစ္စည်းများ၊

(ဇ) ဝေါယာဉ်၊ ထမ်းစင်၊ ရထားနှင့် လှည်းများအပါအဝင် ခရီးသွားယာဉ်များ၊

(ဈ) ကျောက်စာ၊ အုတ်ခဲစာ၊ ခေါင်းလောင်းစာ၊ မင်စာ၊ ရွှေပြားစာ၊ ငွေပြားစာ၊ ကြေးပြားစာ၊ ပေစာ၊ စဉ့်ကွင်းစာ၊ ပုရပိုက်၊ လက်ရေးစာ၊ သားရေစာ၊ ပုံနှိပ်စာ၊ တံဆိပ်တုံးနှင့် တံဆိပ်များ၊

(ည) မြန်မာ့ရိုးရာပန်းဆယ်မျိုးတွင် အကျုံးဝင်သော လက်မှုအနုပညာပစ္စည်းများ၊

(ဋ) ဇရပ်အပါအဝင် လူနေအဆောက်အအုံရှိ အနုပညာလက်ရာအဖြစ်ပုံဖော်ထားသော ရုပ်လုံးရုပ်ကြွနှင့် အခြားသစ်ထွင်းလက်ရာများ၊ သတ္တုပုံဖော် လက်ရာပစ္စည်းများ၊ ကျောက်ထွင်း၊ ကျောက်ခြစ်နှင့် မြေထည်များ အပါအဝင် အနုပညာလက်ရာပစ္စည်းများ၊

(ဌ) ခေါင်းပေါင်း၊ ဦးသျှောင်၊ ခေါင်းပတ်နှင့် အင်္ကျီအဝတ်အစားများအပါအဝင် အဝတ်အထည်များ၊

(ဍ) အမျိုးသား၊ အမျိုးသမီး အဆင်တန်ဆာပစ္စည်းများ၊

(ဎ) အချိန်အတွယ်ကိရိယာအဖြစ် အသုံးပြုခဲ့သော အလေး၊ တင်းတောင်းနှင့် ချိန်ခွင်များ၊

(ဏ) ထွန်၊ ထယ်၊ အိုးလက်ခတ်နှင့် ရက်ကန်းလုပ်ငန်းသုံး ပစ္စည်းများအပါအဝင် လုပ်ငန်းသုံးပစ္စည်းများ၊

(တ) မြေအိုး၊ မြေခွက်၊ စဉ့်အိုး၊ စဉ့်ခွက်၊ ကျောက်အိုး၊ ကျောက်ခွက်၊ ကြွေအိုးနှင့် ကြွေခွက်များ အပါအဝင် အိုး၊ ခွက်ယောက်၊ ပန်းကန်၊ ဇွန်းနှင့် ယွန်းထည်ပစ္စည်းများ၊

(ထ) ပုံ၊ မောင်း၊ ပုလွေ၊ နှဲ၊ လင်းကွင်း၊ ကြေးနောင်နှင့် ဆိုင်းဝိုင်းများ အပါအဝင် တူရိယာပစ္စည်းများ၊

(ဒ) ဆင်၊ မြင်း၊ ကျွဲနှင့် နွားများအပါအဝင် တိရစ္ဆာန်များတွင် ဆင်ယင်သော အဆင်တန်ဆာပစ္စည်းများ၊

(ဓ) မြေရုပ်ဒိုးနှင့် ကျောက်ဒိုးများ အပါအဝင် မြန်မာ့ရိုးရာကလေးကစားစရာ ပစ္စည်းများ၊

(န) ဝန်ကြီးဌာနက ကွင်းဆင်းစစ်ဆေးပြီး ရှေးဟောင်းဝတ္ထုပစ္စည်းအဖြစ် မှတ်တမ်းထားရှိသည့် အခြား အရာဝတ္ထုပစ္စည်းများ။

## အခန်း (၄)

## ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းခြင်း၊ အပ်နှံခြင်းနှင့် လက်ခံခြင်း

၅။ ဝန်ကြီးဌာနသည် အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) ရှေးဟောင်းဝတ္ထုပစ္စည်းများကို ကာကွယ်ထိန်းသိမ်းခြင်း၊ တူးဖော်ခြင်း၊ ရှာဖွေစုဆောင်းခြင်းနှင့် သုတေသနပြုခြင်း၊

(ခ) ရှေးဟောင်းဝတ္ထုပစ္စည်းများ တရားမဝင်သောနည်းများဖြင့် ပြည်ပသို့မရောက်ရှိစေရေးနှင့်ပြည်ပသို့ တရားမဝင်ရောက်ရှိသွားသော ရှေးဟောင်းဝတ္ထုပစ္စည်းများ ပြန်လည်ရရှိရေးတို့ကိုဆောင်ရွက်ခြင်း၊

(ဂ) ရှေးဟောင်းဝတ္ထုပစ္စည်းများကို ပြည်သူလူထုက ဂုဏ်ယူမြတ်နိုး တန်ဖိုးထားလိုသော စိတ်ဓာတ်နှင့် ထိန်းသိမ်းစောင့်ရှောက်လိုသော စိတ်ဓာတ်များဖြစ်ပေါ်ရန် ပညာပေးခြင်း။

၆။ ဝန်ကြီးဌာနသည် ရှေးဟောင်းဝတ္ထုပစ္စည်းတစ်ခုခုနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ယဉ်ကျေးမှု၊ သမိုင်း၊ ဗိသုကာ၊ အနုပညာလက်ရာဖြစ်စေ၊ မနုဿဗေဒအရဖြစ်စေ၊ သတ္တဗေဒအရဖြစ်စေ၊ ရုက္ခဗေဒအရဖြစ်စေ၊ တန်ဖိုးကြီးမား၍ ဌာနက ထိန်းသိမ်းထားသော အခြားမည်သည့်ဝတ္ထုပစ္စည်းတစ်ခုခုနှင့် စပ်လျဉ်း၍ဖြစ်စေ အခွန့်ရှည်တည်တံ့စေရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်း၍ ရှေးဟောင်းဝတ္ထုပစ္စည်းများကို ကာကွယ်ထိန်းသိမ်းခြင်း၊

(ခ) ရှေးဟောင်းဝတ္ထုပစ္စည်းတစ်ခုခုကို ပြုပြင်မွမ်းမံရန်နှင့် လုံခြုံစွာထိန်းသိမ်းထားရန်အလို့ငှာ ပိုင်ရှင်၏ သဘောတူညီချက်ဖြင့် ရွှေ့ပြောင်းထားရှိခြင်း၊

(ဂ) ပိုင်ရှင် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူမရှိသော ရှေးဟောင်းဝတ္ထုပစ္စည်းတစ်ခုခုကို နိုင်ငံတော်ပိုင်အဖြစ် သတ်မှတ်၍ ကာကွယ်ထိန်းသိမ်းခြင်း၊

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ရှေးဟောင်းဝတ္ထုပစ္စည်းတစ်ခုခုကို နိုင်ငံတော်အကျိုးငှာ သိမ်းယူပြီးကာကွယ်ထိန်းသိမ်းခြင်း၊

(င) ရှေးဟောင်းအမွေအနှစ်ဆိုင်ရာ တန်ဖိုးကြီးမားသည်ဟု သတ်မှတ်သော ရှေးဟောင်းဝတ္ထုပစ္စည်းများကို အမျိုးသားပြတိုက်တွင် ထိန်းသိမ်းထားရှိခြင်းနှင့် ခင်းကျင်းပြသခြင်း၊

(စ) ဒေသဆိုင်ရာရှိ ပြတိုက်များတွင် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေသည့် ရှေးဟောင်းဝတ္ထုပစ္စည်းများကို ပြသနိုင်ရန် ညွှန်ကြားခြင်း၊

(ဆ) နိုင်ငံတော်အတွင်း ဒေသအသီးသီးမှတွေ့ရှိရသော ရှေးဟောင်းဝတ္ထုပစ္စည်းကို ထိန်းသိမ်းထားရှိရန်နှင့် ခင်းကျင်းပြသရန် နေရာရွေးချယ်မှုကို အတည်ပြု ဆုံးဖြတ်ခြင်း။

၇။ ဝန်ကြီးဌာနသည် -

(က) သူတစ်ဦးဦးကတွေ့ရှိသည့်၊ လက်ဆောင်ရရှိသည့်၊ သေတမ်းစာအရဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ လက်ခံရရှိသည့် သို့မဟုတ် အမွေဆက်ခံရရှိသည့် ရှေးဟောင်းဝတ္ထုပစ္စည်းကို လာရောက်အပ်နှံပါက နိုင်ငံတော်ပိုင်ပစ္စည်းအဖြစ် သတ်မှတ်လက်ခံ၍ ကာကွယ်ထိန်းသိမ်းထားရှိနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ သတ်မှတ်လက်ခံ၍ ထိန်းသိမ်းထားရှိသော ရှေးဟောင်းဝတ္ထုပစ္စည်းကို အပ်နှံသူအား အကျိုးခံစားခွင့်ရှိသူအဖြစ် သတ်မှတ်၍ ယင်းပစ္စည်းအတွက် ထိုက်တန်သော ကာလတန်ဖိုးချီးမြှင့်ငွေ ပေးအပ်ရမည်။

၈။ (က) ဝန်ကြီးဌာနသည် ထိခိုက်ဆွေးမြည့်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် ရွှေ့ပြောင်းခံရမည့် အန္တရာယ်ရှိခြင်း ဖြစ်နိုင်သည်ဟု ထင်မြင်ယူဆသော ရှေးဟောင်းဝတ္ထုပစ္စည်းကို သက်ဆိုင်ရာပိုင်ရှင် သို့မဟုတ် ပိုင်ဆိုင်ခွင့်ရှိသူထံမှ ထိုက်တန်သောကာလတန်ဖိုးဖြင့် ဝယ်ယူပြီး ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ကာကွယ် ထိန်းသိမ်းခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က) အရ ဝန်ကြီးဌာန၏ ဆောင်ရွက်နိုင်ခွင့်သည် အောက်ပါ ရှေးဟောင်းဝတ္ထုပစ္စည်းများနှင့် သက်ဆိုင်ခြင်း မရှိစေရ -

(၁) ဘာသာရေးအရဝတ်ပြုကိုးကွယ်ရာတွင် အမှန်တကယ်အသုံးပြုနေသောရှေးဟောင်းဝတ္ထုပစ္စည်း၊

(၂) ပိုင်ရှင်က မိမိ သို့မဟုတ် မိမိ၏ဘိုးဘွားစဉ်ဆက် သို့မဟုတ် မိမိ၏ မိသားစုတွင် ပါဝင်သူတစ်ဦးဦးနှင့် ပတ်သက်၍ ခိုင်လုံသော အကြောင်းပြချက်ဖြင့် ကိုယ်ပိုင်ထိန်းသိမ်းထားရှိလိုသည့် ရှေးဟောင်းဝတ္ထုပစ္စည်း။

၉။ ဝန်ကြီးဌာနသည် ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းခြင်း၊ အပ်နှံခြင်း၊ လက်ခံခြင်းများနှင့်စပ်လျဉ်းသည့် လုပ်ငန်းတာဝန်များကို ဦးစီးဌာနသို့ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

## အခန်း (၅)
## ရှေးဟောင်းဝတ္ထုပစ္စည်းကို စစ်ဆေးခြင်း

၁၀။ ဦးစီးဌာနသည် -

(က) ဝတ္ထုပစ္စည်းတစ်ခုခုနှင့် စပ်လျဉ်း၍ ရှေးဟောင်းဝတ္ထုပစ္စည်း ဟုတ်/မဟုတ် စိစစ်ရန်လိုအပ်ပါက စစ်ဆေးပြီးအဆုံးအဖြတ်ပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဆောင်ရွက်ရာတွင် ရှေးဟောင်းဝတ္ထုပစ္စည်း ဟုတ်/မဟုတ် အဆုံးအဖြတ်ပေးရေးအတွက် အငြင်းပွားဖွယ်ရာကိစ္စတစ်စုံတစ်ရာပေါ်ပေါက်လျှင် ဝန်ကြီးဌာနသို့တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၁၁။ ရှေးဟောင်းဝတ္ထုပစ္စည်း ဟုတ်/မဟုတ်နှင့်စပ်လျဉ်း၍ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ခ) အရ ဦးစီးဌာန၏ တင်ပြချက်အပေါ် ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၆)
## ရှေးဟောင်းဝတ္ထုပစ္စည်းတွေ့ရှိကြောင်း သတင်းပို့ခြင်း

၁၂။ ပိုင်ရှင် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူမရှိသော ဝတ္ထုပစ္စည်းတစ်ခုခုကို တွေ့ရှိသူသည် အဆိုပါဝတ္ထုပစ္စည်းများမှာ ရှေးဟောင်းဝတ္ထုပစ္စည်းဖြစ်ကြောင်းသိရှိလျှင် သို့မဟုတ် သိတန်ရာသောအကြောင်းရှိလျှင် ထိုသို့တွေ့ရှိသည့်အချိန်မှ ၂၄ နာရီအတွင်း သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးသို့ သတင်းပို့ရမည်။

၁၃။ (က) ပုဒ်မ ၁၂ အရ သတင်းပေးပို့ချက်ကို လက်ခံရရှိသော ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ ဆက်လက်သတင်းပို့ရမည်ဖြစ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက လိုအပ်သည်များကို ချက်ချင်းဆောင်ရွက်၍ သတင်းလက်ခံရရှိသည့် နေ့ရက်မှ ၇ ရက်အတွင်း ဦးစီးဌာနသို့ အကြောင်းကြားရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ အကြောင်းကြားချက်ကို ရရှိသည့်အခါ ရှေးဟောင်းဝတ္ထုပစ္စည်း ဟုတ်/မဟုတ် စစ်ဆေးခြင်းနှင့် လိုအပ်သလို ထိန်းသိမ်းစောင့်ရှောက်ခြင်း သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်စေခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၇)
## ရှေးဟောင်းဝတ္ထုပစ္စည်းနှင့်စပ်လျဉ်း၍ ခွင့်ပြုချက် လျှောက်ထားခြင်း

၁၄။ (က) အောက်ပါတစ်ခုခုကို ဆောင်ရွက်လိုသော ဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် ခွင့်ပြုချက်ရရှိရန် ဦးစီးဌာန သို့မဟုတ် ဦးစီးဌာနက လွှဲအပ်တာဝန်ပေးခြင်းခံရသည့်ဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည် -

(၁) ရှေးဟောင်းဝတ္ထုပစ္စည်းကို မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်မှ တူးဖော်ခြင်း သို့မဟုတ် ရှာဖွေခြင်း၊

(၂) နိုင်ငံအချင်းချင်း ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်အရ ပြပွဲတွင်ခင်းကျင်းပြသရန်၊ သုတေသနပြုရန် သို့မဟုတ် ကာကွယ်ထိန်းသိမ်းခြင်းပြုရန် အလို့ငှာ ရှေးဟောင်းဝတ္ထုပစ္စည်းကို ပြည်ပသို့ သယ်ယူခြင်း သို့မဟုတ် ပို့ဆောင်ခြင်း၊

(၃) ရှေးဟောင်းဝတ္ထုပစ္စည်းကို ပြည်တွင်းတွင် တစ်နေရာမှ တစ်နေရာသို့ သယ်ယူခြင်း သို့မဟုတ် ပို့ဆောင်ခြင်း၊

(၄) ဦးစီးဌာန၏လက်ဝယ်တွင် ထိန်းသိမ်းထားသောရှေးဟောင်းဝတ္ထုပစ္စည်းကို ဓာတ်ပုံရိုက်ကူးခြင်း၊ ဗီဒီယိုဖြစ်စေ၊ ရုပ်ရှင်ဖြစ်စေ ရိုက်ကူးခြင်း သို့မဟုတ် စီးပွားရေးအလို့ငှာ ပုံတူပွားခြင်း၊

(၅) ဦးစီးဌာန၏ လက်ဝယ်တွင် ထိန်းသိမ်းထားသော ရှေးဟောင်းဝတ္ထုပစ္စည်း၏ပုံကို စီးပွားရေးအလို့ငှာ မိတ္တူပွားယူခြင်း သို့မဟုတ် ပုံကူးယူခြင်း။

(ခ) ဦးစီးဌာန သို့မဟုတ် ဦးစီးဌာနက လွှဲအပ်တာဝန်ပေးခြင်းခံရသည့် ဌာနသည် ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုချက် ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုချက်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

## အခန်း (၈)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၅။ မည်သူမဆို ရှေးဟောင်းဝတ္ထုပစ္စည်းကို ခွင့်ပြုချက်မရှိဘဲ ပြည်ပသို့ သယ်ယူခြင်း သို့မဟုတ် ပို့ဆောင်ခြင်းဖြစ်စေ၊ ယင်းသို့ ပြုမှုအားထုတ်ခြင်းဖြစ်စေပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး ၅ နှစ်မှ အများဆုံး ၁၀ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၁၆။ မည်သူမဆို ရှေးဟောင်းဝတ္ထုပစ္စည်းကို မူလပုံစံပျက်ယွင်းစေခြင်း သို့မဟုတ် ဖျက်ဆီးခြင်းဖြစ်စေ၊ ခွင့်ပြုချက်မရှိဘဲ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်မှ တူးဖော်ခြင်း သို့မဟုတ် ရှာဖွေခြင်းဖြစ်စေ ပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး ၃ နှစ်မှ အများဆုံး ၇ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၁၇။ မည်သူမဆို ရှေးဟောင်းဝတ္ထုပစ္စည်းကို စီးပွားရေးအလို့ငှာရောင်းချရန် ရည်ရွယ်ချက်ဖြင့် စုဆောင်းထားရှိခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်းဖြစ်စေ၊ စီးပွားရေးအလို့ငှာ ရောင်းချခြင်း သို့မဟုတ် ဝယ်ယူခြင်း ဖြစ်စေပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၅ နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့် အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၁၈။ မည်သူမဆို ခွင့်ပြုချက်မရှိဘဲ အောက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် -

(က) ရှေးဟောင်းဝတ္ထုပစ္စည်းကို မြန်မာနိုင်ငံအတွင်း တစ်နေရာမှ တစ်နေရာသို့ သယ်ယူခြင်း သို့မဟုတ် ပို့ဆောင်ခြင်း၊

(ခ) ဦးစီးဌာန၏လက်ဝယ်တွင် ထိန်းသိမ်းထားရှိသော ရှေးဟောင်းဝတ္ထုပစ္စည်းကို ဓာတ်ပုံရိုက်ကူးခြင်း၊ ဗီဒီယိုဖြစ်စေ၊ ရုပ်ရှင်ဖြစ်စေ ရိုက်ကူးခြင်း သို့မဟုတ် စီးပွားရေးအလို့ငှာ ပုံတူပွားခြင်း၊

(ဂ) ဦးစီးဌာန၏လက်ဝယ်တွင် ထိန်းသိမ်းထားရှိသော ရှေးဟောင်းဝတ္ထုပစ္စည်း၏ ပုံကိုစီးပွားရေး အလို့ငှာ မိတ္တူပွားယူခြင်း သို့မဟုတ် ပုံတူကူးယူခြင်း။

၁၉။ မည်သူမဆို ရှေးဟောင်းဝတ္ထုပစ္စည်းနှင့်စပ်လျဉ်း၍ ပုဒ်မ ၁၂ ပါ ပြဋ္ဌာန်းချက်နှင့်အညီ သတင်းပေးပို့ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၉)
## အထွေထွေ

၂၀။ ဝန်ကြီးဌာနသည် မြန်မာ့မူရင်းမဟုတ်သော ရှေးဟောင်းဝတ္ထုပစ္စည်းနှင့် စပ်လျဉ်း၍ -

(က) မူလပိုင်ဆိုင်သူဖြစ်ကြောင်း အထောက်အထား ခိုင်လုံစွာ တင်ပြတောင်းခံလာသော နိုင်ငံတစ်ခုခု၊ ဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား အဆိုပါပစ္စည်းကို ဥပဒေနှင့်အညီ ပြန်လည်လွှဲပြောင်း ပေးအပ်နိုင်သည်။

(ခ) မည်သည့်နိုင်ငံ၊ ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကမျှ တင်ပြတောင်းခံခြင်းမရှိလျှင် ယင်းပစ္စည်းကို နိုင်ငံတော်ပိုင်အဖြစ်သိမ်းယူပြီး သင့်လျော်သလို စီမံခန့်ခွဲဆောင်ရွက်နိုင်သည်။

၂၁။ ဝန်ကြီးဌာနသည် ရှေးဟောင်းဝတ္ထုပစ္စည်းတည်ရှိသည်ဟု ပေါ်ပေါက်သောမြေကို သို့မဟုတ် ထိုမြေ၏ တစ်စိတ်တစ်ဒေသကို မြေသိမ်းအက်ဥပဒေအရ နိုင်ငံတော်အကျိုးငှာ သိမ်းယူနိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၂၂။ ရှေးဟောင်းဝတ္ထုပစ္စည်းတစ်ခုခုတွေ့ရှိသူ သို့မဟုတ် အပ်နှံသူအား ယင်းပစ္စည်းနှင့် စပ်လျဉ်း၍ ပိုင်ရှင်ဟု မှတ်ယူခြင်းမပြုဘဲ အကျိုးခံစားခွင့်ရှိသူဟုသာ မှတ်ယူရမည်။

၂၃။ ဝန်ကြီးဌာနသည် ရှေးဟောင်းဝတ္ထုပစ္စည်းကို ကာကွယ်ထိန်းသိမ်းခြင်းပြုနိုင်ရန်ဖြစ်စေ၊ ရှေးဟောင်းဝတ္ထုပစ္စည်းကိုဝယ်ယူရန်ဖြစ်စေ စေတနာအလျောက်လှူဒါန်းသောငွေကိုလက်ခံထိန်းသိမ်းပြီးစီမံခန့်ခွဲနိုင်သည်။

၂၄။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၂၅။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့တင်ပို့ရန် မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန် မလိုဘဲ မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာအခြားစာရွက်စာတမ်း အထောက်အထားများဖြင့်တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲသည့် အမိန့်ချမှတ်ရမည်။

၂၆။ ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၂၈ ဖြင့်ရုပ်သိမ်းသည့် ၁၉၅၇ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၂၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ဦးစီးဌာနသည် ညွှန်ကြားချက်ကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

၂၈။ ၁၉၅၇ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၃/၂၀၁၅)**

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၁ ရက် )

**ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ပေးပို့လာသော **ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်း**အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (မူကြမ်း)**

**( ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  / ၂၀၁၅)**

၁၃၇၇ ခုနှစ်၊ လ ရက်

( ၂၀၁၅ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **၂၀၁၅ ခုနှစ်၊ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ရှေးဟောင်းအဆောက်အအုံ**ဆိုသည်မှာ ပုဒ်မ ၄ တွင်ဖော်ပြထားသော အဆောက်အအုံများကို ဆိုသည်။

(ခ) **ရှေးဟောင်းဇယားဝင်အဆောက်အအုံ**ဆိုသည်မှာ ဦးစီးဌာနက စောင့်ရှောက်ထိန်းသိမ်းပြုပြင်သော ရှေးဟောင်းအဆောက်အအုံများစာရင်းတွင် ပါဝင်သော အဆောက်အအုံကို ဆိုသည်။

(ဂ) **ကာကွယ်ထိန်းသိမ်းခြင်း**ဆိုသည်မှာ အခွန့်ရှည်တည်တံ့စေရန်အလို့ငှာ ရှေးဟောင်းအဆောက်အအုံနှင့် ယင်း၏ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ခြင်း၊ ထိုအဆောက်အအုံကို ဝင်းကာရံခြင်းနှင့် အလွယ်တကူ ဝင်ရောက်နိုင်ရန် လိုအပ်သည့်အတိုင်းပြုလုပ်ခြင်း၊ ရှေးမူမပျက်ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်း၊ ဆေးကြောသုတ်သင်မွမ်းမံခြင်းတို့ကို ရှေးဟောင်းသုတေသနဆိုင်ရာ အင်ဂျင်နီယာနည်းလမ်း၊ ဓာတုဗေဒနည်းလမ်းအပါအဝင် သိပ္ပံနည်းကျ ထိန်းသိမ်းပြုပြင်ခြင်းနှင့် အခြားနည်းလမ်းများဖြင့် ထိန်းသိမ်း**ကာကွယ်စောင့်ရှောက်ခြင်း**တို့ကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ ယဉ်ကျေးမှုဝန်ကြီးဌာနကို ဆိုသည်။

(င) **ဦးစီးဌာန**ဆိုသည်မှာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနကို ဆိုသည်။

(စ) **ဦးစီးဌာနက လွှဲပြောင်းတာဝန်ပေးခြင်းခံရသည့်ဌာန**ဆိုသည်မှာ ပြည်နယ်၊ တိုင်းဒေသကြီးများတွင် ဖွင့်လှစ်ထားသော ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ဌာနခွဲများကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရှေးဟောင်းအဆောက်အအုံများအခွန့်ရှည်တည်တံ့စေရေးအတွက် ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာ မူဝါဒကို အကောင်အထည်ဖော်နိုင်ရန်၊

(ခ) သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူတို့၏ပြုလုပ်မှုကြောင့်ဖြစ်စေ အခြားအကြောင်းများကြောင့်ဖြစ်စေ ရှေးဟောင်းအဆောက်အအုံများ ယိုယွင်းပျက်စီးခြင်းမရှိစေရေးအတွက် ကာကွယ်ထိန်းသိမ်းနိုင်ရန်၊

(ဂ) ရှေးဟောင်းအဆောက်အအုံများကို ကာကွယ်ထိန်းသိမ်းခြင်းဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေရန်နှင့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ရှင်သန်ခိုင်မာစေရန်၊

(ဃ) ရှေးဟောင်းအဆောက်အအုံများ၏ တန်ဖိုးကြီးမားမှုကို အများပြည်သူတို့သိရှိနားလည်နိုင်ကြစေရန်၊

(င) ရှေးဟောင်းအဆောက်အအုံများ ဖျက်ဆီးမှုမခံရစေရေးအတွက် ကာကွယ်စောင့်ရှောက်ရန်၊

(စ) ရှေးဟောင်းအဆောက်အအုံများကို ကာကွယ်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်က သဘောတူလက်ခံထားသော အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း၊ ဒေသဆိုင်ရာသဘောတူညီချက်များ ဌာနမှသတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများ၊ မူဝါဒများနှင့်အညီ ဆောင်ရွက်ရန်။

## အခန်း (၃)
## ရှေးဟောင်းအဆောက်အအုံအဖြစ်သတ်မှတ်ခြင်း

၄။ ရှေးဟောင်းအဆောက်အအုံဟု ဦးစီးဌာနက စုံစမ်းစစ်ဆေးသည့်နေ့ရက်မတိုင်မီ နှစ်ပေါင်း ၁၀၀ က တည်ရှိသော သမိုင်းကြောင်းအရဖြစ်စေ၊ ယဉ်ကျေးမှုအရဖြစ်စေ၊ ဗိသုကာနှင့်အနုပညာလက်ရာအရဖြစ်စေ၊ ခေတ်ကာလအရဖြစ်စေ၊ ရှေးဟောင်းသုတေသနဆိုင်ရာအရဖြစ်စေ၊ တန်ဖိုးကြီးမားသောကြောင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်သည့် မြေပေါ် မြေအောက်တွင်သော်လည်းကောင်း၊ ရေပေါ် ရေအောက်တွင်သော်လည်းကောင်း တည်ရှိသည့်ရွှေ့ပြောင်းနိုင်သော သို့မဟုတ် မရွှေ့မပြောင်းနိုင်သော အောက်ပါတို့ကို ရှေးဟောင်းအဆောက်အအုံများဟု သတ်မှတ်သည် -

(က) စေတီ၊ ပုထိုး၊ ဂူဘုရား၊ ဘုန်းတော်ကြီးကျောင်း၊ အုတ်ကျောင်း၊ ဇရပ်၊ သိမ်အပါအဝင် သာသနိကဆိုင်ရာ အဆောက်အအုံများ၊ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ အဆောက်အအုံများ၊ အုတ်ကုန်းများ၊ ပြိုကျပျက်စီးသွားပြီဖြစ်သည့် အပျက်အစီးများ၊

(ခ) ရှေးမြို့ဟောင်း၊ နန်းတော်၊ မြို့ရိုး၊ ကျုံး၊ မြေကတုတ်၊ တံခါး၊ မုခ်ဝ၊ မြို့ဝင်ပေါက်၊ ခံတပ်များ၊ လူနေအဆောက်အအုံများ၊ လူနေရာဌာန၊ ဥယျာဉ်၊ အလုပ်လုပ်ရာဌာနနှင့် ရှေးဟောင်းလူများနေထိုင်ခဲ့သည့် ကုန်းဟောင်းများ ယင်းတို့၏ အကြွင်းအကျန်များ၊

(ဂ) သဘာဝအလျောက် တည်ရှိသည့် သို့မဟုတ် လူတို့ဖန်တီးသည့် ခိုအောင်းနေထိုင်ခဲ့သောဂူ၊ သဘာဝလိုဏ်ဂူ သို့မဟုတ် ရှေးဟောင်းကျောက်ဂူ၊ အခြားခိုအောင်းရာနေရာနှင့် ရှေးဟောင်းလူများသွားလာနေထိုင်ခဲ့သည့် ကုန်း၊ ရိုး၊ ချိုင့်၊ ကျင်း၊ လျှိုမြောင်၊ ကမ်းဆင့်နှင့် ပရိုင်းမိတ်များအပါအဝင် အခြားကျောက်ဖြစ်ရုပ်ကြွင်းများတွေ့ရှိရာ ကျစ်ချောင်များစသည့် ဘူမိသဘာဝပတ်ဝန်းကျင်နေရာများ၊

(ဃ) ရှေးခေတ်လူတို့ အသုံးအဆောင်ပစ္စည်းများ ပြုလုပ်သည့်နေရာ၊ အိုးဖို၊ စဉ့်ဖို၊ သံချက်ဖိုနှင့် အခြားသတ္တုကျိုချက်သည့်ဖိုများနှင့် ဆက်စပ်နေရာများ၊

(င) ရှေးဟောင်းဖြစ်သည့် ဆောက်လုပ်ထူထောင်ထားသော အဆောက်အအုံ၊ ဖို့လုပ်ထားသောလမ်း၊ တံတား၊ တူးဖော်ထားသောနေရာ၊ တူးထားသောရေတွင်း၊ ရေကန်၊ ရေအိုင်နှင့် အထိမ်းအမှတ်အဖြစ် ပြုလုပ်ထားသော ကျောက်ပုံ၊ ကျောက်တိုင်၊ ကျောက်စု၊ သင်္ချိုင်းတွင်း၊ သင်္ချိုင်းတောင်ပို့၊ မြေမြှုပ်သင်္ဂြိုဟ်သောနေရာ၊ သင်္ဂြိုဟ်သောအဆောက်အအုံဗိမာန်၊

(စ) ကမ္ပည်းကျောက်စာ၊ မော်ကွန်းစသည်တို့နှင့် ၎င်းတို့ကို ထားရှိရာအဆောက်အအုံ သို့မဟုတ် ကျောက်စာဂူ၊ အထိမ်းအမှတ်အဖြစ် ပြုလုပ်စိုက်ထူထားသည့် အရာဝတ္ထုများ၊ တိုင်များ၊ ကျောက်ချပ်များ၊

(ဆ) ဝန်ကြီးဌာနက ကွင်းဆင်းစစ်ဆေးပြီး ရှေးဟောင်းဇယားဝင် အဆောက်အအုံအဖြစ် မှတ်တမ်းထားရှိသည့် အခြားအဆောက်အအုံများ။

## အခန်း (၄)
## ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းခြင်း၊ အပ်နှံခြင်းနှင့်လက်ခံခြင်း

၅။ ရှေးဟောင်းအဆောက်အအုံအဖြစ် သတ်မှတ်ထားသည့် သက်တမ်းဖြစ်သော နှစ်ပေါင်း (၁၀၀) အတွင်း အကျုံးမဝင်သော်လည်း ယဉ်ကျေးမှု၊ သမိုင်း၊ ဗိသုကာ၊ အနုပညာလက်ရာတန်ဖိုးကြီးမားမှု၍ နိုင်ငံတော်မှ ကာကွယ်ထိန်းသိမ်းသင့်သည့် အဆောက်အအုံများနှင့် နေရာများကို ရှေးဟောင်းအဆောက်အအုံအဖြစ် သတ်မှတ်သည်။

၆။ ဝန်ကြီးဌာနသည် အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) ရှေးဟောင်းအဆောက်အအုံများကို အဓွန့်ရှည်တည်တံ့စေရန် ထိန်းသိမ်းခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း၊

(ခ) ရာသီဥတုဒဏ်၊ သဘာဝဘေးဒဏ်၊ အခြားနည်းလမ်းတစ်ခုခုကြောင့် ပျက်စီးမှုနှင့် လူတို့၏ ပယောဂပြုလုပ်မှုကြောင့် ပျက်စီးမှုမဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ်ထိန်းသိမ်းခြင်း၊

(ဂ) ရှေးဟောင်းအဆောက်အအုံများကို ပြည်သူလူထုက ဂုဏ်ယူမြတ်နိုးတန်ဖိုးထားလိုသော စိတ်ဓာတ်နှင့် ထိန်းသိမ်းလိုသောစိတ်ဓာတ်များဖြစ်ပေါ်စေရန် ပညာပေးအစီအစဉ်များ ဆောင်ရွက်ခြင်း။

၇။ ဝန်ကြီးဌာနသည် ရှေးဟောင်းအဆောက်အအုံတစ်ခုခုနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ယဉ်ကျေးမှု၊ သမိုင်း၊ ဗိသုကာ၊ အနုပညာလက်ရာတန်ဖိုးကြီးမား၍ ဌာနကထိန်းသိမ်းထားသော အခြားမည်သည့်အဆောက်အအုံ တစ်ခုခုနှင့်စပ်လျဉ်း၍ဖြစ်စေ အခွန့်ရှည်တည်တံ့စေရေးအတွက်အောက်ပါအတိုင်းဆောင်ရွက်နိုင်သည် -

(က) သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့် ညှိနှိုင်း၍ ရှေးဟောင်းအဆောက်အအုံများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(ခ) ရှေးဟောင်းအဆောက်အအုံကို ပြုပြင်မွမ်းမံရန်နှင့် မပျက်စီးအောင်ထိန်းသိမ်းထားရန်အလို့ငှာ ပိုင်ရှင်နှင့် ညှိနှိုင်း၍ ထိန်းသိမ်းပြုပြင်ခြင်း၊

(ဂ) ပိုင်ရှင် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူမရှိသော ရှေးဟောင်းအဆောက်အအုံကို နိုင်ငံတော်ပိုင် အဖြစ် သတ်မှတ်၍ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ရှေးဟောင်း အဆောက်အအုံတစ်ခုခုကို နိုင်ငံတော်အကျိုးငှာသိမ်းယူပြီး ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(င) နိုင်ငံတော်အတွင်း ဒေသအသီးသီးရှိ ရှေးဟောင်းအမွေအနှစ်ဆိုင်ရာ တန်ဖိုးကြီးမားသည်ဟု သတ်မှတ်သော ရှေးဟောင်းအဆောက်အအုံများကို ထိန်းသိမ်းထားရှိခြင်းနှင့် ပြည်သူလူထုလေ့လာ ကြည့်ရှုနိုင်ရန် ပြသခြင်း။

၈။ ဝန်ကြီးဌာနသည် -

(က) ပုဂ္ဂိုလ်တစ်ဦးဦးက ပိုင်ဆိုင်သည့်၊ လက်ဆောင်ရရှိသည့်၊ သေတမ်းစာအရဖြစ်စေ၊ အခြားတစ်နည်း နည်းဖြင့်ဖြစ်စေ လက်ခံရရှိသည့် သို့မဟုတ် အမွေဆက်ခံရရှိသည့် ရှေးဟောင်းအဆောက်အအုံ၊ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာတန်ဖိုးရှိသည့် မည်သည့်အဆောက်အအုံကိုမဆို လာရောက်အပ်နှံ ပါက လက်ခံ၍ ထိန်းသိမ်းထားရှိနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ လက်ခံထိန်းသိမ်းထားသော ရှေးဟောင်းအဆောက်အအုံအား အပ်နှံသူ သို့မဟုတ် အဖွဲ့အစည်းတို့သည်ပိုင်ဆိုင်ကြောင်း အထောက်အထားအခိုင်အမာတင်ပြနိုင်သူကိုသာ အကျိုးခံစားခွင့် ရှိသူအဖြစ်သတ်မှတ်၍ ယင်းအဆောက်အအုံအတွက် သင့်လျော်သော ချီးမြှင့်ငွေပေးအပ်နိုင်သည်။

၉။ (က) ဝန်ကြီးဌာနသည် ထိခိုက်ဆွေးမြည့်ခြင်း၊ ပျက်စီးခြင်း၊ ပုံသဏ္ဌာန်ပြောင်းလဲခံရခြင်း သို့မဟုတ် ရွှေ့ပြောင်းခံရမည့် အန္တရာယ်ရှိခြင်း၊ အကြောင်းကြောင်းကြောင့် ပျက်စီးနိုင်သည်ဟု ထင်မြင် ယူဆရသော ရှေးဟောင်းအဆောက်အအုံကို သက်ဆိုင်ရာ ပိုင်ရှင် သို့မဟုတ် ပိုင်ဆိုင်ခွင့်ရှိသူ ထံမှ သင့်လျော်သောတန်ဖိုးဖြင့် ဝယ်ယူပြီး ထိန်းသိမ်းစောင့်ရှောက်ခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က) အရ ဝန်ကြီးဌာန၏ ဆောင်ရွက်နိုင်ခွင့်သည် အောက်ပါရှေးဟောင်းအဆောက် အအုံများနှင့် သက်ဆိုင်ခြင်းမရှိစေရ -

(၁) တိုင်းရင်းသားတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာအရ အသုံးပြုနေသော ရှေးဟောင်း အဆောက်အအုံနှင့် ဘာသာရေးဝတ်ပြုကိုးကွယ်မှုအတွက် အမှန်တကယ်အသုံးပြုနေသော ရှေးဟောင်းအဆောက်အအုံ၊

(၂) ပိုင်ရှင်က မိမိ သို့မဟုတ် မိမိ၏ ဘိုးဘွားစဉ်ဆက် သို့မဟုတ် မိမိ၏ မိသားစုတွင် ပါဝင်သူ တစ်ဦးဦးနှင့်ပတ်သက်၍ ခိုင်လုံသောအကြောင်းပြချက်ဖြင့် ကိုယ်ပိုင်ထိန်းသိမ်းထားရှိလိုသည့် ရှေးဟောင်းအဆောက်အအုံ။

၁၀။ ဝန်ကြီးဌာနသည် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းခြင်း၊ အပ်နှံခြင်း၊ လက်ခံခြင်း များနှင့် စပ်လျဉ်းသည့် လုပ်ငန်းတာဝန်များကို ဦးစီးဌာနသို့ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

## အခန်း (၅)
## ရှေးဟောင်းအဆောက်အအုံကို စစ်ဆေးခြင်း

၁၁။ ဦးစီးဌာနသည် -

(က) အဆောက်အအုံ တစ်ခုခုနှင့်စပ်လျဉ်း၍ ရှေးဟောင်းအဆောက်အအုံ ဟုတ်/မဟုတ် စိစစ်ရန် လိုအပ်ပါက စစ်ဆေးပြီး အဆုံးအဖြတ်ပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဆောင်ရွက်ရာတွင် ရှေးဟောင်းအဆောက်အအုံ ဟုတ်/မဟုတ် အဆုံးအဖြတ် ပေးရေးအတွက် အငြင်းပွားဖွယ်ရာကိစ္စ တစ်စုံတစ်ရာ ပေါ်ပေါက်လျှင် ဝန်ကြီးဌာနသို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၁၂။ ရှေးဟောင်းအဆောက်အအုံ ဟုတ် မဟုတ်နှင့်စပ်လျဉ်း၍ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ) အရ ဦးစီးဌာန၏ တင်ပြချက်အပေါ် ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၆)
## ရှေးဟောင်းအဆောက်အအုံတွေ့ရှိကြောင်း သတင်းပို့ခြင်း

၁၃။ ပိုင်ရှင် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူ မရှိသော မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်မှ ရှေးဟောင်းအဆောက်အအုံကို တွေ့ရှိသူသည် အဆိုပါ အဆောက်အအုံမှာ ရှေးဟောင်းအဆောက်အအုံ ဖြစ်ကြောင်း သိရှိလျှင် သို့မဟုတ် သိတန်ရာသော အကြောင်းရှိလျှင် သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးရုံးသို့ အမြန်ဆုံးသတင်းပေးပို့ရမည်။

၁၄။ (က) ပုဒ်မ ၁၃ အရ သတင်းပေးပို့ချက်ကိုလက်ခံရရှိသော ရပ်ကွက်နှင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ ဆက်လက်သတင်းပို့ရမည်ဖြစ်ပြီး မြို့နယ် အုပ်ချုပ်ရေးမှူးက လိုအပ်သည်များကို ချက်ချင်းဆောင်ရွက်၍ အမြန်ဆုံး ဦးစီးဌာနသို့ အကြောင်းကြားရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ အကြောင်းကြားချက်ကို ရရှိသည့်အခါ ရှေးဟောင်း အဆောက်အအုံ ဟုတ် မဟုတ် စစ်ဆေးခြင်းနှင့် လိုအပ်သလို ထိန်းသိမ်းစောင့်ရှောက်ခြင်း သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်စေခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၇)
## ကြိုတင်ခွင့်ပြုချက်လျှောက်ထားခြင်း၊ စိစစ်ခြင်းနှင့် ထုတ်ပေးခြင်း

၁၅။ အောက်ပါကိစ္စရပ်တစ်ခုခုကို ဆောင်ရွက်လိုသော ဌာန၊ အဖွဲ့အစည်း တစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ် တစ်ဦးဦးသည် တည်ဆဲအခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည့်အပြင် ဤဥပဒေအရလည်း ကြိုတင်ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည် -

(က) ရှေးဟောင်းအဆောက်အအုံ၏ မူလပုံသဏ္ဌာန်ကိုဖြစ်စေ၊ မူလလက်ရာကိုဖြစ်စေ၊ ပြောင်းလဲခြင်း မရှိစေဘဲ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်း ဆောင်ရွက်ခြင်း၊

(ခ) ရှေးဟောင်းအဆောက်အအုံကို ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ် တိုးချဲ့ခြင်း၊

(ဂ) ရှေးဟောင်းအဆောက်အအုံအနီးတွင် အဆောက်အအုံအသစ် တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ ဆောက်လုပ်ခြင်း သို့မဟုတ် ပြုပြင်ခြင်း သို့မဟုတ် ဝင်းခြံကာရံခြင်း သို့မဟုတ် ချဲ့ထွင်ခြင်း၊

(ဃ) ရှေးဟောင်းအဆောက်အအုံ၏တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ တစ်ခုလုံးကိုဖြစ်စေ ပြုပြင်ဆောင်ရွက်ခြင်း၊ မွမ်းမံထိန်းသိမ်းခြင်း၊

(င) ရှေးဟောင်းအဆောက်အအုံများကို အင်္ဂတေသရွတ်ကိုင်ခြင်း၊ မွမ်းမံခြင်း၊ ထုံးသုတ်ခြင်း၊ ဆေးသုတ်ခြင်း၊ ရွှေသင်္ကန်းကပ်ခြင်း၊ ထီးတင်ခြင်း၊

(စ) ရှေးဟောင်းအဆောက်အအုံအနီး၌ သိမ်၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်း၊ မုခ်ဦး၊ တံတိုင်း၊ ဂြိုဟ်တိုင်၊ တံခွန်တိုင်၊ ရုပ်တုများ၊ နတ်ရုပ်များနှင့် အခြားအဆောက်အအုံများ အသစ်တည်ဆောက်ခြင်း၊

(ဆ) ရှေးဟောင်းအဆောက်အအုံများအား မူလလက်ရာအတိုင်း ပြန်လည်ဖြည့်စွက်တည်ဆောက်ခြင်း၊

(ဇ) ရှေးဟောင်းအဆောက်အအုံတည်ရှိရာနေရာများသို့ ကွင်းဆင်းလေ့လာရှာဖွေခြင်းနှင့် တူးဖော်သုတေသနပြုခြင်း၊

(ဈ) ရှေးဟောင်းအဆောက်အအုံကို ဂေါပက သို့မဟုတ် အဖွဲ့အစည်းများ ဖွဲ့စည်း၍ ထိန်းသိမ်းစောင့်ရှောက်ခြင်း။

၁၆။ ဦးစီးဌာန သို့မဟုတ် ဦးစီးဌာနက လွှဲအပ်တာဝန်ပေးခြင်းခံရသည့်ဌာနသည် ပုဒ်မ ၁၅ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

## အခန်း (၈)
## တားမြစ်ချက်များ

၁၇။ မည်သူမျှ ပိုင်ရှင် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူမရှိသော ရှေးဟောင်းအဆောက်အအုံ တွေ့ရှိခြင်းနှင့် စပ်လျဉ်း၍ ဤဥပဒေပါ သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ သတင်းပို့ရန် ပျက်ကွက်ခြင်းမရှိရ။

၁၈။ မည်သူမျှ ရှေးဟောင်းအဆောက်အအုံ၏ သတ်မှတ်ထားသော ပရဝုဏ်အတွင်းတွင် အောက်ပါ တစ်ခုခုကို မပြုလုပ်ရ -

(က) ရှေးဟောင်းအဆောက်အအုံကို ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးစေရန် ဆောင်ရွက်ခြင်း၊

(ခ) ရှေးဟောင်းအဆောက်အအုံ၏ မူလပုံသဏ္ဌာန်ကိုဖြစ်စေ၊ မူလလက်ရာကိုဖြစ်စေ ပြောင်းလဲစေရန် ရည်ရွယ်ချက်တစ်ခုခုဖြင့် ပြုလုပ်ခြင်း၊

(ဂ) ရှေးဟောင်းဝတ္ထုပစ္စည်းရှာဖွေရန် တူးဖော်ခြင်း၊

(ဃ) ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မျက်ရတနာ သို့မဟုတ် ဓာတ်သတ္တုရှာဖွေရန်တူးဖော်ခြင်း၊ ရေနံ၊ သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ သွယ်တန်းခြင်း၊ စက်ရုံအလုပ်ရုံများတည်ဆောက်ခြင်း၊ မဟာဓာတ်အားလိုင်းများ သွယ်တန်းခြင်း၊ လမ်းဖောက်လုပ်ခြင်း၊ တံတားတည်ဆောက်ခြင်း၊ လေယာဉ်ကွင်းတည်ဆောက်ခြင်း၊ ဆည်မြောင်း၊ တာတမံများတည်ဆောက်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း၊

(င) ရေတွင်း၊ ရေကန်၊ တူးမြောင်း၊ မွေးမြူရေးကန်များ တူးဖော်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း၊

(စ) ကျောက်ထုတ်လုပ်ခြင်း၊ မိုင်းဖောက်ခွဲခြင်းနှင့် တုန်ခါအောင်ပြုလုပ်ခြင်း၊

(ဆ) ရှေးဟောင်းအဆောက်အအုံမှ မူလအစိတ်အပိုင်းများ၊ အနုပညာလက်ရာပစ္စည်းများဖြုတ်ခွာယူခြင်း၊ ဖယ်ရှားခြင်း၊

(ဇ) ရှေးဟောင်း အဆောက်အအုံ၏ အနီးနှင့် ပတ်ဝန်းကျင်မြင်ကွင်း၌ ဦးစီးဌာနက ဒေသအလိုက် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်ကိုက်ညီခြင်းမရှိသောအဆောက်အအုံကိုဆောက်လုပ်ခြင်း၊

(ဈ) ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် ရှေးဟောင်းအဆောက်အအုံကို ထိခိုက်စေနိုင်သည့် အခြားဆောင်ရွက်မှု တစ်စုံတစ်ရာပြုလုပ်ခြင်း။

၁၉။ မည်သူမျှ ရှေးဟောင်းအဆောက်အအုံမှ သတ်မှတ်ထားသော ဇရိယာအတွင်းတွင် ဤဥပဒေအရ ထုတ်ပေးသည့် ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အောက်ပါ တစ်ခုခုကို မပြုလုပ်ရ -

(က) ရှေးဟောင်းအဆောက်အအုံကို ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းဆောင်ရွက်ခြင်း၊

(ခ) အဆောက်အအုံအသစ်တည်ဆောက်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ ဝင်းခြံနယ်နိမိတ်တိုးချဲ့ခြင်း၊

(ဂ) မြို့၊ ရပ်ကွက်၊ ကျေးရွာများအား တိုးချဲ့ခြင်း၊

(ဃ) ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ဟိုတယ်များ၊ စက်ရုံအလုပ်ရုံများအပါအဝင် အဆောက်အအုံအသစ်များ တည်ဆောက်ခြင်း၊

(င) သိမ်၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်း၊ မုခ်ဦး၊ တံတိုင်း၊ ပြိုဟ်တိုင်၊ တံခွန်တိုင်၊ ရုပ်တုများ၊ နတ်ရုပ်များနှင့် အခြားအဆောက်အအုံများ အသစ်တည်ဆောက်ခြင်း၊

(စ) လမ်းဖောက်လုပ်ခြင်း၊ တံတား၊ ဆည်မြောင်း၊ တာတမံတည်ဆောက်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း၊

(ဆ) မြေမျက်နှာသွင်ပြင် ပျက်စီးစေသည့် ရွှေကျင်ခြင်း၊ မြေတူးဖော်ခြင်း၊ အုတ်ဖုတ်ခြင်း၊ ရေတွင်း ရေကန်၊ ချောင်း၊ မြောင်း၊ လျှို/ချိုင့်များတူးခြင်း၊ ဖို့ခြင်း၊ မြေညှိခြင်း၊ မိုင်းခွဲခြင်း၊ ကျောက်တူးခြင်း၊ ကျောက်စရစ်/သဲထုတ်ယူခြင်း၊ ကုန်းများ၊ တောင်များ ဖြိုဖျက်ခြင်း၊

(ဇ) ရှေးဟောင်းအဆောက်အအုံကို ထိခိုက်စေမည့် တုန်ခါမှုများ ဖြစ်ပေါ်စေသော ယာဉ်ကြီးများ၊ ကုန်တင်ယာဉ်များ သွားလာခြင်း၊

(ဈ) ထွန်ယက်စိုက်ပျိုးခြင်း၊ ဥယျာဉ်စိုက်ပျိုးခြင်း၊ တိရစ္ဆာန်များ မွေးမြူခြင်း၊ ခြံစည်းရိုးများပြုလုပ်ခြင်း၊ ရှေးဟောင်းအဆောက်အအုံများသို့ သွားမရအောင်ခြံခတ်ခြင်း၊

(ည) ဦးစီးဌာနမှ ထိန်းသိမ်းစောင့်ရှောက်ထားသော ရှေးဟောင်းအဆောက်အအုံကို စီးပွားရေးအလို့ငှာ ဓာတ်ပုံဖြစ်စေ၊ ဗီဒီယိုဖြစ်စေ၊ ရုပ်ရှင်ဖြစ်စေ၊ ရိုက်ကူးခြင်း သို့မဟုတ် ပုံတူပွားခြင်း၊ ပုံစံငယ်ပြုလုပ်ခြင်း။

## အခန်း (၉)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၀။ မည်သူမဆို ပုဒ်မ ၁၇ ပါပြဋ္ဌာန်းချက် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး ၃ နှစ်မှ အများဆုံး ၇ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၂၁။ မည်သူမဆို ပုဒ်မ ၁၈၊ ပုဒ်မခွဲ (က၊ ခ၊ ဂ၊ ဃ၊ င၊ စ၊ ဆ၊ ဇ၊ ဈ) ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၅ နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၂၂။ မည်သူမဆို ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ည) ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၂၃။ မည်သူမဆို ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၂၄။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်အရ ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် တရားရုံးသည် အောက်ပါအမိန့်တစ်ခုခုကိုလည်း ချမှတ်ရမည် -

(က) တည်ဆောက်ထားသည့် အဆောက်အအုံကို ဖျက်သိမ်းစေခြင်း၊

(ခ) တိုးချဲ့ထားသည့် အဆောက်အအုံ သို့မဟုတ် ဝင်းခြံနယ်နိမိတ်ကို မူလအတိုင်းပြန်လည်ပြုလုပ်စေခြင်း၊

(ဂ) ပုံသဏ္ဌာန်ပြောင်းလဲပြင်ဆင်ထားသည့် အဆောက်အအုံ သို့မဟုတ် မြေကို မူလပုံသဏ္ဌာန်အတိုင်း ပြန်လည်ပြုလုပ်စေခြင်း။

၂၅။ မည်သူမဆို ပုဒ်မ ၂၃ အရ ချမှတ်သည့်အမိန့်ကို လိုက်နာရန်ပျက်ကွက်လျှင် ယင်းအမိန့်ကိုလိုက်နာရန် ပျက်ကွက်သည့် နေ့အသီးသီးအတွက် တစ်နေ့လျှင် ငွေဒဏ်ကျပ်ငါးသောင်းမှ ကျပ်တစ်သိန်းအထိ ချမှတ်ခြင်း ခံရမည်။

## အခန်း (၁၀)

## အထွေထွေ

၂၆။ ဝန်ကြီးဌာနသည် ရှေးဟောင်းအဆောက်အအုံတည်ရှိသောမြေကို သို့မဟုတ် ထိုမြေ၏ တစ်စိတ်တစ်ဒေသကို မြေသိမ်းအက်ဥပဒေအရ နိုင်ငံတော်အကျိုးငှာ သိမ်းယူနိုင်ရေးအတွက် သက်ဆိုင်ရာနှင့်ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၂၇။ ရှေးဟောင်းအဆောက်အအုံတစ်ခုခု တွေ့ရှိသူ သို့မဟုတ် အပ်နှံသူအား ယင်းအဆောက်အအုံနှင့်စပ်လျဉ်း၍ ပိုင်ရှင်ဟု မှတ်ယူခြင်းမပြုဘဲ အကျိုးခံစားခွင့်ရှိသူဟုသာ မှတ်ယူရမည်။

၂၈။ ဝန်ကြီးဌာနသည် ရှေးဟောင်းအဆောက်အအုံကို ကာကွယ်ထိန်းသိမ်းနိုင်ရန်ဖြစ်စေ၊ ရှေးဟောင်းအဆောက်အအုံကို လွှဲပြောင်းရယူရန်ဖြစ်စေ၊ စေတနာအလျောက် လှူဒါန်းသောငွေကို လက်ခံထိန်းသိမ်းပြီးစီမံခန့်ခွဲနိုင်သည်။

၂၉။ ဤဥပဒေပုဒ်မ ၂၂ နှင့် ၂၃ တို့ပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုများအဖြစ်သတ်မှတ်သည်။

၃၀။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် သက်သေခံအဆောက်အအုံသည် တရားရုံးရှေ့သို့တင်ပို့ရန် မလွယ်ကူသောကြောင့် ယင်းသက်သေခံအဆောက်အအုံကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်းတင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲသည့် အမိန့်ချမှတ်ရမည်။

၃၁။ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်စောင့်ရှောက်ရေးရဲတပ်ဖွဲ့ (Cultural Heritage Police) ဖွဲ့စည်းရန် ဝန်ကြီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခွင့်ရှိသည်။

၃၂။ ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၂၈ ဖြင့် ရုပ်သိမ်းသည့် ၁၉၅၇ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သော လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကိုလည်းကောင်း၊ ဦးစီးဌာနသည် အမိန့်နှင့်ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၄၄/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်

( ၂၀၁၅ ခုနှစ်၊ မေလ ၁၁ ရက် )

## အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းထုတ်ပြန်ကြေညာခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ (မူကြမ်း)
## ( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။ )

၁၃၇၆ ခုနှစ်၊ လ ရက်
( ၂၀၁၅ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများအက်ဥပဒေပုဒ်မ ၉ နှင့် ပုဒ်မ ၂၃-က၊ ပုဒ်မခွဲ (၃) တို့ကို ပယ်ဖျက်ရမည်။

၃။ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေပုဒ်မ ၄၃-က တွင်ပါရှိသော "not exceeding one month's imprisonment, or two hundred rupees fine, or both." ဆိုသည့်စကားရပ်အစား "not exceeding three month's imprisonment, or three hundred thousand kyats fine, or both." ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုလွှတ်တော်ရုံး
### အမိန့်ကြော်ငြာစာအမှတ် (၄၅/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်
( ၂၀၁၅ ခုနှစ်၊ မေလ ၁၁ ရက် )

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့်ဥပဒေကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကိုပြင်ဆင်သည့်ဥပဒေကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့် ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)
## ( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။ )

၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ရက်
( ၂၀၁၅ ခုနှစ်၊ ဧပြီလ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့် ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့် ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေတွင် ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည့် နေ့ရက်တွင် အသက် ၁၈ နှစ်ပြည့်ပြီးဖြစ်သည့် နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့်နိုင်ငံသားပြုခွင့်ရသူတိုင်းသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသည်။ ယင်းဆန္ဒမဲပေးခွင့်ရှိသူတိုင်းကို မဲစာရင်းတွင် ထည့်သွင်းရမည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်

( ၂၀၁၅ ခုနှစ်၊ မေလ ၁၁ ရက် )

**ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပြည်ထောင်စုလွှတ်တော်သို့ပေးပို့လာသော **ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း**အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)**

**( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်　။ )**

၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း　ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ　ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေတွင် -

(က) ပုဒ်မ ၆၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

" (က) ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ"

(ခ) ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

" (က) ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သောနိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသား ပြုခွင့်ရသူတိုင်းသည် မဲဆန္ဒနယ်တစ်နယ်တွင် နေထိုင်သူလည်းဖြစ်၍ ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်သူလည်းဖြစ်လျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက သက်ဆိုင်ရာမဲစာရင်း၌ ထည့်သွင်းဖော်ပြရမည်။"

(ဂ) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) မဲဆန္ဒနယ်တစ်နယ်၏ မဲစာရင်းတွင် အမည်ပါဝင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်းသည် ယင်းမဲဆန္ဒနယ်တွင်သာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၇/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်

( ၂၀၁၅ ခုနှစ်၊ မေလ ၁၁ ရက် )

**အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပြည်ထောင်စုလွှတ်တော်သို့ပေးပို့လာသော **အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း**အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)**

**( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ။ )**

၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း  ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ  ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေတွင် -

(က) ပုဒ်မ ၆၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ"

(ခ) ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့်နိုင်ငံသား ပြုခွင့်ရသူတိုင်းသည် မဲဆန္ဒနယ်တစ်နယ်တွင် နေထိုင်သူလည်းဖြစ်၍ ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်သူလည်းဖြစ်လျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက သက်ဆိုင်ရာမဲစာရင်း၌ ထည့်သွင်းဖော်ပြရမည်။"

(ဂ) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) မဲဆန္ဒနယ်တစ်နယ်၏ မဲစာရင်းတွင် အမည်ပါဝင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်းသည် ယင်းမဲဆန္ဒနယ်တွင်သာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်

( ၂၀၁၅ ခုနှစ်၊ မေလ ၁၁ ရက် )

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)**

**( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ။ )**

၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း  ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ  ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေတွင် -

(က) ပုဒ်မ ၆၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ"

(ခ) ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့်နိုင်ငံသားပြုခွင့်ရသူတိုင်းသည် မဲဆန္ဒနယ်တစ်နယ်တွင် နေထိုင်သူလည်းဖြစ်၍ ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်သူလည်းဖြစ်လျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက သက်ဆိုင်ရာမဲစာရင်း၌ ထည့်သွင်းဖော်ပြရမည်။"

(ဂ) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) မဲဆန္ဒနယ်တစ်နယ်၏ မဲစာရင်းတွင် အမည်ပါဝင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်းသည် ယင်းမဲဆန္ဒနယ်တွင်သာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၁ ရက်

( ၂၀၁၅ ခုနှစ်၊ မေလ ၁၈ ရက် )

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

နောက်ဆက်တွဲ (ခ)

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)**

**( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ။ )**

၁၃၇၆ ခုနှစ်၊ လ ရက်

( ၂၀၁၅ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင် ပုဒ်မ ၂၊ ပုဒ်မခွဲ (စ) ကို အောက်ပါအတိုင်းအစားထိုးရမည် -

“(စ) ဝန်ကြီးဌာနဆိုသည်မှာ နယ်စပ်ရေးရာဝန်ကြီးဌာနကို ဆိုသည်။”

၃။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင် ပုဒ်မ ၅၊ ပုဒ်မခွဲ (က) ကို ပယ်ဖျက်ရမည်။

၄။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင် ပုဒ်မ ၇ ၏နောက်၌ ပုဒ်မ ၇-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

“၇-က လုပ်ငန်းကော်မတီက ဆုံးဖြတ်ခြင်းမပြုနိုင်သောကိစ္စများပေါ်ပေါက်ပါက ဒုတိယသမ္မတမှတစ်ဆင့် နိုင်ငံတော်သမ္မတထံ တင်ပြဆောင်ရွက်ရမည် ဖြစ်ပါသည်။”

၅။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၈ တွင် -

“(က) ပုဒ်မခွဲ (ဆ) ၏နောက်တွင် ပုဒ်မခွဲ (ဇ) နှင့် ပုဒ်မခွဲ (ဈ) တို့ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

“(ဇ) တိုင်းရင်းသားလူမျိုးများ၏ သဘောဆန္ဒနှင့်အညီ တိုင်းရင်းသားလူမျိုးရေးရာကိစ္စရပ်များကို အလေးထားဆောင်ရွက်ပေးခြင်း”

“(ဈ) နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များအား အခြေခံနှင့်အဆင့်မြင့်ပညာရပ်များသင်ကြားပေး၍ ကျောင်းဆင်းပြီးပါက မိမိဒေသဖွံ့ဖြိုးရေးကို ပြန်လည်တာဝန်ထမ်းဆောင်နိုင်သည့် လျာထားခွင့်အတွက်အခွင့်အလမ်းများ မွေးထုတ်ပေးရန် စီမံဆောင်ရွက်ပေးခြင်း”

( ခ ) ပုဒ်မခွဲ (ဇ)၊ (ဈ)၊ (ည)၊ (ဋ)၊ (ဌ)၊ (ဍ)၊ (ပ)၊ (ဏ)၊ (တ) တို့ကို ပုဒ်မခွဲ (ည)၊ (ဋ)၊ (ဌ)၊ (ဍ)၊ (ပ)၊ (ဏ)၊ (တ)၊ (ထ)၊ (ဒ) အဖြစ် အသီးသီးပြန်လည်အမှတ်စဉ်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၁၅)**

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်

( ၂၀၁၅ ခုနှစ်၊ မေလ ၁၃ ရက် )

**အမျိုးသားလွှတ်တော် လပ်ဗီးယား-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်သည် လပ်ဗီးယား-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းကို အောက်ပါအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | | |
|---|---|---|---|---|
| (က) | ဦးညွန့်တင် | မဲဆန္ဒနယ်အမှတ် (၂)၊ ရန်ကုန်တိုင်းဒေသကြီး | | ဥက္ကဋ္ဌ |
| (ခ) | ဦးစောမော်ထွန်း | မဲဆန္ဒနယ်အမှတ် (၁)၊ ပဲခူးတိုင်းဒေသကြီး | | အဖွဲ့ဝင် |
| (ဂ) | ဦးအောင်ချိုဦး | မဲဆန္ဒနယ်အမှတ် (၁၁)၊ ပဲခူးတိုင်းဒေသကြီး | | အဖွဲ့ဝင် |
| (ဃ) | ဒေါက်တာမြတ်ဉာဏစိုး | မဲဆန္ဒနယ်အမှတ် (၄)၊ ရန်ကုန်တိုင်းဒေသကြီး | | အဖွဲ့ဝင် |
| (င) | ဦးခင်မောင်ရီ | မဲဆန္ဒနယ်အမှတ် (၆)၊ ဧရာဝတီတိုင်းဒေသကြီး | | အဖွဲ့ဝင် |
| (စ) | ဦးဆလိုင်းခွဲယန် | မဲဆန္ဒနယ်အမှတ် (၁၂)၊ ချင်းပြည်နယ် | | အတွင်းရေးမှူး |

၂။ အသင်းဖွဲ့စည်းခြင်း၏ ရည်ရွယ်ချက်၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းတို့ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ အတည်ပြုချက်ဖြင့် ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်သည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၅)**

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၂ ရက်

( ၂၀၁၅ ခုနှစ်၊ မေလ ၁၉ ရက် )

**အမျိုးသားလွှတ်တော် ပိုလန်-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်သည် ပိုလန်-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းကို အောက်ပါအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | | |
|---|---|---|---|---|
| (က) | ဦးခင်မောင်ရီ | မဲဆန္ဒနယ်အမှတ် (၆)၊ ဧရာဝတီတိုင်းဒေသကြီး | | ဥက္ကဋ္ဌ |
| (ခ) | ဦးထွန်းဇော်(ခ)ကိုပေါက် | မဲဆန္ဒနယ်အမှတ် (၁၂)၊ ပဲခူးတိုင်းဒေသကြီး | | အဖွဲ့ဝင် |
| (ဂ) | ဦးနေဝင်းထွန်း | မဲဆန္ဒနယ်အမှတ် (၉)၊ ရှမ်းပြည်နယ် | | အဖွဲ့ဝင် |
| (ဃ) | ဦးစိုးဟန်လင်း | မဲဆန္ဒနယ်အမှတ် (၁)၊ ဧရာဝတီတိုင်းဒေသကြီး | | အဖွဲ့ဝင် |
| (င) | ဒေါက်တာမြတ်ဉာဏစိုး | မဲဆန္ဒနယ်အမှတ် (၄)၊ ရန်ကုန်တိုင်းဒေသကြီး | | အတွင်းရေးမှူး |

၂။ အသင်းဖွဲ့စည်းခြင်း၏ ရည်ရွယ်ချက်၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းတို့ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ အတည်ပြုချက်ဖြင့် ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်သည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၃၄၈/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၉ ရက် )

**စာချွန်တော်အမိန့်လျှောက်ထားမှုများဆိုင်ရာနည်းဥပဒေကို ပြင်ဆင်သည့်နည်းဥပဒေ**

ပြည်ထောင်စုလွှတ်တော်သည် ၂၀၁၄ ခုနှစ်၊ စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေကို ဥပဒေအမှတ် (၂၄/၂၀၁၄) ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ရာ ယင်းဥပဒေနှင့်လိုက်လျောညီထွေဖြစ်စေရန်အတွက် လက်ရှိလိုက်နာ ကျင့်သုံးလျက်ရှိသော စာချွန်တော်အမိန့်လျှောက်ထားမှုများဆိုင်ရာ နည်းဥပဒေကိုပြင်ဆင်ရန် လိုအပ်သဖြင့် စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေပုဒ်မ ၁၉ တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ဤနည်းဥပဒေကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေကို **စာချွန်တော်အမိန့်လျှောက်ထားမှုများဆိုင်ရာ နည်းဥပဒေကိုပြင်ဆင်သည့် နည်းဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ စာချွန်တော်အမိန့်လျှောက်ထားမှုများဆိုင်ရာ နည်းဥပဒေ ၂၊ အပိုဒ် (ဃ) ပါ "ပြည်ထောင်စုတရားလွှတ်တော်ချုပ်ခုံရုံး" ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အစား နည်းဥပဒေ ၂၊ အပိုဒ် (ဃ) နှင့် (င) အဖြစ် အောက်ပါ စကားရပ်များကို အစားထိုးရမည် -

(ဃ) "ကနဦးကြားနာဆုံးဖြတ်ရေးအဖွဲ့" ဆိုသည်မှာ စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန် လျှောက်ထားမှုများကို ကနဦး ကြားနာဆုံးဖြတ်ရန်အတွက် စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာ ဥပဒေပုဒ်မ ၇ (က) အရ ဖွဲ့စည်းသောအဖွဲ့ကို ဆိုသည်။

(င) "အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့" ဆိုသည်မှာ စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန် လျှောက်ထားမှုများကို အပြီးသတ်ကြားနာဆုံးဖြတ်ရန်အတွက် စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာ ဥပဒေပုဒ်မ ၇ (ခ) အရ ဖွဲ့စည်းသောအဖွဲ့ကို ဆိုသည်။

၃။ စာချွန်တော်အမိန့်လျှောက်ထားမှုများဆိုင်ရာ နည်းဥပဒေ ၂၊ အပိုဒ် (င) ကို အပိုဒ် (စ) အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၄။ စာချွန်တော်အမိန့်လျှောက်ထားမှုများဆိုင်ရာ နည်းဥပဒေ ၃၊ ၂၁ နှင့် ၄၅ တွင် ပါရှိသော "ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး" ဆိုသည့် စကားရပ်အစား "ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ စာချွန်တော်အမိန့်လျှောက်ထားမှုများဆိုင်ရာ နည်းဥပဒေ ၇၊ ၂၆ နှင့် ၅၀ တို့တွင် အောက်ပါ စကားရပ်ကို အစားထိုးရမည် -

"ညွှန်ကြားရေးမှူးချုပ်သည် ပြည့်စုံစွာ ဖော်ပြထားသော စာချွန်တော်အမိန့်တောင်းခံသည့် လျှောက်ထားလွှာကို ချက်ချင်း သို့မဟုတ် ကနဦးဆောင်ရွက်ရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးသုံးဦး ပါဝင်ဖွဲ့စည်းသည့် ကနဦးကြားနာဆုံးဖြတ်ရေးအဖွဲ့ထံ တင်ပြရမည်။"

၆။ စာချွန်တော်အမိန့်လျှောက်ထားမှုများဆိုင်ရာ နည်းဥပဒေ ၈၊ ၉၊ ၁၀၊ ၁၂၊ ၂၇၊ ၂၈၊ ၃၇၊ ၅၁၊ ၅၂၊ ၅၇၊ ၆၂ တွင်ပါရှိသော "ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး" ဆိုသည့်စကားရပ်အစား "ကနဦးကြားနာဆုံးဖြတ်ရေးအဖွဲ့" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ စာချွန်တော်အမိန့်လျှောက်ထားမှုများဆိုင်ရာ နည်းဥပဒေ ၁၇၊ ၁၉၊ ၂၀၊ ၃၉၊ ၄၁၊ ၄၂၊ ၄၃၊ ၆၃၊ ၆၅၊ ၆၆ တို့တွင် ပါရှိသော "ပြည်ထောင်စုတရားလွှတ်တော်ချုပ်ခုံရုံး" ဆိုသည့် စကားရပ်အစား "အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ စာချွန်တော်အမိန့်လျှောက်ထားမှုများဆိုင်ရာ နည်းဥပဒေ ၁၈၊ ၄၀ နှင့် ၆၄ တို့တွင် အောက်ပါ စကားရပ်ကို အစားထိုးရမည် -

"ပြည်ထောင်စုတရားသူကြီးချုပ်ကိုယ်တိုင် သဘာပတိအဖြစ် ဆောင်ရွက်ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးနှစ်ဦး ပါဝင်၍ဖြစ်စေ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး သုံးဦးပါဝင်၍ ဖြစ်စေဖွဲ့စည်းသည့် "အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့" သည် လျှောက်ထားမှုကို အပြီးသတ်ကြားနာရမည်။"

၉။ စာချွန်တော်အမိန့်လျှောက်ထားမှုများဆိုင်ရာ နည်းဥပဒေ ၆၈ တွင်ပါရှိသော "တစ်နှစ်" ဆိုသည့် စကားရပ်အစား "နှစ်နှစ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

ထွန်းထွန်းဦး၊
ပြည်ထောင်စုတရားသူကြီးချုပ်၊
ပြည်ထောင်စုတရားလွှတ်တော်ချုပ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်

( ၂၀၁၅ ခုနှစ်၊ မေလ ၅ ရက် )

အမှတ် ၁၃ ။ ။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်ဒေါက်တာသီတာဦးက ယင်း၏ ကိုယ်ရေးအရာရှိအဖြစ်ခန့်ထားရန် အဆိုပြုပေးပို့လာသည့် ဒေါ်ရွှန်းလဲ့ဝေ [၁၂/သဃက (နိုင်) ၁၇၁၇၇၈] အား ကိုယ်ရေးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူး၌ ၂၀၁၅ ခုနှစ်၊ မေလ ၄ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။ လစာနှုန်း ၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀ တွင် အမြင့်ဆုံးလစာငွေ ၂၇၀,၀၀၀/- ကို ခံစားခွင့်ပြုလိုက်သည်။

မြသိန်း၊
ဥက္ကဋ္ဌ၊
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၁/၂၀၁၅)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၁ ရက်

( ၂၀၁၅ ခုနှစ်၊ မေလ ၁၈ ရက် )

### ကယားပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၉ ရက်စွဲပါ ကြေညာချက်အမှတ် (၂၄/၂၀၁၄) ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည့် ကယားပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနေရာတွင် ကယားပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ တင်ပြချက်အရ ဦးစိုင်းခမ်းဝင်း အစား ဦးစိန်ဝင်းအား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန် ပေးအပ်လိုက်သည်။

အမိန့်အရ

တင်ထွန်း၊
အတွင်းရေးမှူး၊
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၁၂/၂၀၁၅)**

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၃ ရက်

( ၂၀၁၅ ခုနှစ်၊ မေလ ၂၀ ရက် )

**လမ်းပြကြယ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ အလင်းရောင် (၁) ရပ်ကွက်၊ (၆) လမ်း၊ အမှတ်(၁၅၁၆)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **လမ်းပြကြယ်ပါတီ** အား ၂၀၁၅ ခုနှစ်၊ မေလ ၂၀ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**လမ်းပြကြယ်ပါတီ** ၏မှတ်ပုံတင်အမှတ်မှာ (၈၃) ဖြစ်ပါသည်။

အမိန့်အရ

တင်ထွန်း၊
အတွင်းရေးမှူး၊
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၁၃/၂၀၁၅)**

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၃ ရက်

( ၂၀၁၅ ခုနှစ်၊ မေလ ၂၀ ရက် )

**ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင် (၁) ရပ်ကွက်၊ ၄၀×၄၁ နှင့် ၆၇×၆၈ လမ်းကြား၊ ကံ့ကော်လမ်း၊ အမှတ် (ဓ-၁/၇၀-ခ) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီ** အား ၂၀၁၅ ခုနှစ်၊ မေလ ၂၀ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၈၄) ဖြစ်ပါသည်။

အမိန့်အရ

တင်ထွန်း၊
အတွင်းရေးမှူး၊
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၅**

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်

( ၂၀၁၅ ခုနှစ်၊ မေလ ၁၁ ရက် )

**တန်ဖိုးတွက်ချက်သတ်မှတ်ရေးကော်မတီနှင့်စပ်လျဉ်း၍ ကျခံရမည့် ငွေစာရင်းခေါင်းစဉ် ပြင်ဆင်ခြင်း**

၁။ “တန်ဖိုးတွက်ချက်သတ်မှတ်ရေးကော်မတီ” ကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၄ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

၂။ တန်ဖိုးတွက်ချက်သတ်မှတ်ရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၄ ပါ စာပိုဒ် (၆) ကို အောက်ပါအတိုင်း ပြင်ဆင်လိုက်သည် -

"တန်ဖိုးတွက်ချက်သတ်မှတ်ရေးကော်မတီနှင့်စပ်လျဉ်းသော ကုန်ကျစရိတ်များကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၏ ငွေစာရင်းခေါင်းစဉ်မှ ကျခံရမည်။"

အမိန့်အရ

ဒေါက်တာကံဇော်၊
အတွင်းရေးမှူး၊
ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၅**

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်
( ၂၀၁၅ ခုနှစ်၊ မေလ ၁၁ ရက် )

**မြေ၊ အဆောက်အဦ အတိုင်းအတာ စိစစ်ရေးကော်မတီနှင့်စပ်လျဉ်း၍ ကျခံရမည့် ငွေစာရင်းခေါင်းစဉ်ပြင်ဆင်ခြင်း**

၁။ "မြေ၊ အဆောက်အဦ အတိုင်းအတာ စိစစ်ရေးကော်မတီ" ကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၁၄ ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၂။ မြေ၊ အဆောက်အဦ အတိုင်းအတာ စိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာအမှတ် ၄/ ၂၀၁၄ ပါ စာပိုဒ် (၆) ကို အောက်ပါအတိုင်း ပြင်ဆင်လိုက်သည် -

"မြေ၊ အဆောက်အဦ အတိုင်းအတာစိစစ်ရေးကော်မတီနှင့်စပ်လျဉ်းသော ကုန်ကျစရိတ်များကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၏ငွေစာရင်းခေါင်းစဉ်မှကျခံရမည်။"

အမိန့်အရ

ဒေါက်တာကံဇော်၊
အတွင်းရေးမှူး၊
ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကာကွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၁ ရက်
( ၂၀၁၅ ခုနှစ်၊ မေလ ၁၈ ရက် )

၁။ နိုင်ငံတော်၏ အုပ်ချုပ်မှုအသွင်သဏ္ဌာန် ပြုပြင်ပြောင်းလဲဖွဲ့စည်းမှုအရ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၅) ၏ သဘောတူခွင့်ပြုပြီးဖြစ်သည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ဖွဲ့စည်းပုံအား ၂၀၁၅ ခုနှစ်၊ ဧပြီလ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၅) ဖြင့်ဖွဲ့စည်းမိန့်ထုတ်ပြန်ပြီး ဖြစ်ပါသည်။

၂။ အဆိုပါ ကာကွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ဖွဲ့စည်းပုံတွင် ပါရှိသည့် ဒုတိယအမြဲတမ်းအတွင်းဝန်/ဒုတိယညွှန်ကြားရေးမှူးချုပ်ရာထူးနေရာ၌ လက်ရှိရုံးအဖွဲ့မှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးကျော်သူအား ဒုတိယအမြဲတမ်းအတွင်းဝန်/ဒုတိယညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) အဖြစ် သတ်မှတ်တာဝန်ပေးအပ်လိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကာကွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်
( ၂၀၁၅ ခုနှစ်၊ မတ်လ ၂၅ ရက် )

အမှတ် ၁၃၇/၂၀၁၅ ။ ။ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၅) ၏ သဘောတူခွင့်ပြုချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာနရှိ မဟာဗျူဟာနှင့် မူဝါဒရေးရာလေ့လာရေးဦးစီးဌာနအား ၂၀၁၅ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့၌ ဖျက်သိမ်းလိုက်သည်။

ဖျက်သိမ်းလိုက်သည့် မဟာဗျူဟာနှင့်မူဝါဒရေးရာလေ့လာရေးဦးစီးဌာနလက်အောက်ရှိဌာနခွဲများအား လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန လက်အောက်သို့ ထည့်သွင်းပေါင်းစည်းကာ အဆိုပါ ဦးစီးဌာနအား မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနအဖြစ် အမည်ပြောင်းလဲ၍ အရာထမ်း (၁၀၄) နေရာ၊ အမှုထမ်း (၁၀၅) နေရာ၊ စုစုပေါင်း (၂၀၉) နေရာဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်
( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃၀ ရက် )

အမှတ် ၂ ။ ။ နိုင်ငံတော်အစိုးရအနေဖြင့် ဆောင်ရွက်လျက်ရှိသောအစိုးရအုပ်ချုပ်ရေးယန္တရားတိုးတက်ကောင်းမွန်ရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်၏ လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်သည့် ဖွဲ့စည်းပုံများကို ခေတ်နှင့်အညီ တိုးတက်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲခြင်းလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဝန်ကြီးဌာန၏ ဖွဲ့စည်းပုံခိုင်မာကောင်းမွန်ရန် ဝန်ကြီးရုံးကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဖြစ်၍ ယခင်ဝန်ကြီးရုံး ရုံးအဖွဲ့မှူး ဦးမျိုးတင့်အား ဒုတိယအမြဲတမ်းအတွင်းဝန်/ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်လိုက်သည်။

အမိန့်အရ

ဝဏ္ဏမောင်လွင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန
## (ဝန်ကြီးရုံး)

၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၉ ရက်
( ၂၀၁၅ ခုနှစ်၊ မေလ ၂၆ ရက် )

အမှတ် ၄၂ ။ ။ ၂၀၁၅ ခုနှစ်၊ မေလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၁၅) မှ သဘောတူညီချက်အရ ပြန်ကြားရေး

ဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှအောက်ဖော်ပြပါအရာထမ်း (၂) ဦးအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ ၂၀၁၅ ခုနှစ်၊ မေလ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| **စဉ်** | **အမည်** | **လက်ရှိရာထူး/ လစာနှုန်း/နေရာ** | **တိုးမြှင့်ခန့်ထားသည့်ရာထူး/ လစာနှုန်း/နေရာ** |
|---|---|---|---|
| (က) | ဦးစိုးမိုး | ဒုတိယညွှန်ကြားရေးမှူး<br>(၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀)<br>မူဝါဒနှင့်ဥပဒေလုပ်ထုံးလုပ်နည်း<br>စိစစ်ရေးနှင့်လုပ်ငန်းစစ်ဆေးရေးဌာနခွဲ | ညွှန်ကြားရေးမှူး<br>(၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀)<br>မူဝါဒနှင့်ဥပဒေလုပ်ထုံးလုပ်နည်း<br>စိစစ်ရေးနှင့်လုပ်ငန်းစစ်ဆေးရေးဌာနခွဲ |
| (ခ) | ဒေါ်ခင်မာသီ | ဒုတိယညွှန်ကြားရေးမှူး<br>(၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀)<br>ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့်<br>ဘဏ္ဍာရေးဌာနခွဲ | ညွှန်ကြားရေးမှူး<br>(၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀)<br>ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့်<br>ဘဏ္ဍာရေးဌာနခွဲ |

**(ဝန်ကြီးရုံး)**

အမှတ် ၄၃ ။ ။ ၂၀၁၅ ခုနှစ်၊ မေလ ၂၂ ရက်နေ့တွင် ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၁၅) မှ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်းအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရခိုင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး နေရာသို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

**(ဝန်ကြီးရုံး)**

၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်

( ၂၀၁၅ ခုနှစ်၊ မေလ ၂၉ ရက် )

အမှတ် ၄၄ ။ ။ ၂၀၁၅ ခုနှစ်၊ မေလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၁၅) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အောက်ဖော်ပြပါအရာထမ်းအား ယင်းနှင့်ယှဉ်တွဲပါ ရာထူးနေရာသို့ ၂၀၁၅ ခုနှစ်၊ မေလ ၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| **အမည်၊ လက်ရှိရာထူး၊ နေရာ** | **တိုးမြှင့်ခန့်ထားသည့်ရာထူး၊ နေရာ** |
|---|---|
| ဒေါ်ခင်မိုးဉ<br>လက်ထောက်ညွှန်ကြားရေးမှူး<br>(ထုတ်လုပ်/စတူဒီယို)<br>လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>ရုပ်မြင်သံကြားဌာနခွဲ<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | ဒုတိယညွှန်ကြားရေးမှူး (ရုပ်မြင်)<br>လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀)<br>ရုပ်မြင်သံကြားဌာနခွဲ<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား |

ရဲထွဋ်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သာသနာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်

( ၂၀၁၅ ခုနှစ်၊ မတ်လ ၁၀ ရက် )

အမှတ် ၈ ။ ။ ၂၀၁၅ ခုနှစ်၊ မတ်လ ၅ ရက်နေ့တွင်ကျင်းပပြုလုပ်သော ဤဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးရာကော်မတီအစည်းအဝေးအမှတ်စဉ် (၄/၂၀၁၅) ၏ သဘောတူညီချက်အရ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်၊ ပရိယတ္တိမဟာဌာနမှ ကထိကဆရာတော် ဒေါက်တာဘဒ္ဒန္တဝရသာမိအား တွဲဖက်ပါမောက္ခရာထူး နေရာသို့ ၂၀၁၅ ခုနှစ်၊ မတ်လ ၅ ရက်နေ့မှစ၍ တိုးမြှင့်ဆက်ကပ်အပ်နှင်းအပ်ပါသည်။

သတ်မှတ်ထားသောလစဉ်နဝကမ္မအလှူတော်ငွေများကို သက်ဆိုင်ရာဝန်ထမ်းများက ဝိနည်းတော်နှင့်အညီ လျော်ညီစွာ အချိန်မီမပျက်မကွက်ဆက်ကပ်လှူဒါန်းရန်ဖြစ်သည်။

ဦးစိုးဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သာသနာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သမဝါယမဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၁၉/၂၀၁၅**

၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃၀ ရက် )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၁၅) အရ သမဝါယမဝန်ကြီးဌာန၊ သမဝါယမကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ငွေအား သမဝါယမဝန်ကြီးဌာန၏ အမြဲတမ်းအတွင်းဝန်/ တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ပြီး ဝန်ကြီးဌာနရုံး၏ တာဝန်များကို တာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ်ကျပ်ငွေ ၂၀၀,၀၀၀/- (ကျပ်နှစ်သိန်းတိတိ) ကို လက်ရှိခံစားလျက်ရှိသော လစာစရိတ်အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၁၅**

သမဝါယမဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါစာအမှတ်၊ ၁/၄/၁၈ (၁၅၉၄) သမဝ-၂၀၁၅ အရ သမဝါယမဝန်ကြီးဌာန၊ ဝန်ကြီးရုံးအား အုပ်ချုပ်မှုအသွင်သဏ္ဌာန်ပြုပြင်ပြောင်းလဲဖွဲ့စည်းထားပါသဖြင့် ရုံးအဖွဲ့မှူးတာဝန်ဝတ္တရားများ ထမ်းဆောင်နေသော ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်မျိုးအား သမဝါယမဝန်ကြီးဌာန၊ ဝန်ကြီးရုံးတွင် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်မှစ၍ ဒုတိယအမြဲတမ်းအတွင်းဝန်/ ဒုတိယညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) အဖြစ် တာဝန်ပေးအပ်လိုက်သည်။

ကျော်ဆန်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သမဝါယမဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၅)**

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

( ၂၀၁၅ ခုနှစ်၊ မေလ ၁ ရက် )

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံး၌**
**ဒုတိယအမြဲတမ်းအတွင်းဝန်/ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် သတ်မှတ်တာဝန်ပေးအပ်ခြင်း**

နိုင်ငံတော်၏ အုပ်ချုပ်မှုအသွင်သဏ္ဌာန်ပြုပြင်ပြောင်းလဲဖွဲ့စည်းမှုအရ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၅) ၏ သဘောတူခွင့်ပြုပြီးဖြစ်သည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ဖွဲ့စည်းပုံအား လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၁၅) ဖြင့် ဖွဲ့စည်းမိန့်ထုတ်ပြန်ပြီးဖြစ်ပါ၍ ဝန်ကြီးရုံး၏ဖွဲ့စည်းပုံတွင်ပါရှိသည့် ဒုတိယအမြဲတမ်းအတွင်းဝန်/ ဒုတိယညွှန်ကြားရေးမှူးချုပ်ရာထူးနေရာ၌ လက်ရှိရုံးအဖွဲ့မှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးသက်နိုင်ဦးအား ဒုတိယအမြဲတမ်းအတွင်းဝန်/ဒုတိယညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) အဖြစ် သတ်မှတ်တာဝန်ပေးအပ်လိုက်သည်။

မြင့်လှိုင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက် )

အမှတ် ၁ ။ ။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်စွဲပါ စာအမှတ်၊ ၁၀၀/၁(၇)(၀၀၂၇)/လပနအရ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဝန်ကြီးရုံးအား အုပ်ချုပ်မှုအသွင်သဏ္ဌာန်ပြုပြင်ပြောင်းလဲဖွဲ့စည်းထားပါသဖြင့် ရုံးအဖွဲ့မှူး တာဝန်ဝတ္တရားများ ထမ်းဆောင်နေသော ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းနိုင်ထွန်းအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန၊ ဝန်ကြီးရုံးတွင် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ ဒုတိယအမြဲတမ်းအတွင်းဝန်/ ဒုတိယညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) အဖြစ် တာဝန်ပေးအပ်လိုက်သည်။

၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃၀ ရက် )

အမှတ် ၂ ။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၃၆/၂၀၁၅) အရ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေသော ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ကြိုင်အား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ဝန်ကြီးရုံးတွင် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့မှစ၍ အမြဲတမ်းအတွင်းဝန်/တာဝန်ခံ ညွှန်ကြားရေးမှူးချုပ်နှင့် ဆိုင်ရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် ပူးတွဲတာဝန်ပေးအပ်လိုက်သည်။

အမှတ် ၃ ။ ။ အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးမြင့်ကြိုင်သည် ညွှန်ကြားရေးမှူးချုပ်အဆင့် (သို့မဟုတ်) ယင်းနှင့်တူညီသောအဆင့်တွင် တာဝန်ထမ်းဆောင်ရသည့် တာဝန်များအပြင် ဝန်ကြီးဌာနရုံး၏ တာဝန်များကို တာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်း

နည်းဥပဒေများ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ်ကျပ်ငွေ ၂၀၀,၀၀၀/- (ကျပ်နှစ်သိန်း တိတိ) ကို လက်ရှိခံစားလျက်ရှိသော လစာနှင့်စရိတ်အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

ခင်ရီ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
## (ဝန်ကြီးရုံး)

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်
( ၂၀၁၅ ခုနှစ်၊ မေလ ၆ ရက် )

အမှတ် ၄ ။ ။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခါအားလျော်စွာ သတင်းထုတ်ပြန်ခြင်းနှင့် သတင်းမီဒီယာများမှ မေးမြန်းချက်များအား ဖြေကြားခြင်းတို့ကို တာဝန်ယူဆောင်ရွက်ရန်အတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြောရေးဆိုခွင့် အဖွဲ့ငယ်အား အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

(က) ဦးမောင်မောင်သန်း — ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

(ခ) ဦးယဉ်ထွေး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

(ဂ) ဦးရဲထွန်းဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (လူဝင်မှုနှင့် နိုင်ငံသားပြုဌာနခွဲ)
လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

(ဃ) ဦးတင်ချယ် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (အမျိုးသားမှတ်ပုံတင်နှင့်နိုင်ငံသားဌာနခွဲ)
လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

(င) ဒေါက်တာညီညီ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ပြည်သူ့အင်အားဦးစီးဌာန

(စ) ဦးအေးလွင် — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ်
ပြည်သူ့အင်အားဦးစီးဌာန

(ဆ) ဦးထိန်ဝင်း — တွဲဖက်အတွင်းရေးမှူး
ညွှန်ကြားရေးမှူး(တာဝန်နှင့်လုပ်ငန်းစစ်ဌာနခွဲ)
လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

အမှတ် ၅ ။ ။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြောရေးဆိုခွင့်အဖွဲ့ငယ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏ လုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပြည်သူလူထုသို့ အသိပေးရန်လိုအပ်သည့်သတင်းများအား အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးခြင်း၊

(ခ) ဖြစ်ပေါ်နေသည့်အခြေအနေများအပေါ်မူတည်သုံးသပ်၍ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှကြိုတင် ဆောင်ရွက်သင့်သည့် သတင်းမီဒီယာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဂ) ပြည်တွင်းပြည်ပရှိသတင်းဌာနများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ သတင်းဌာနများမှ မေးမြန်းလာသည့်ကိစ္စများအား ဖြေကြားခြင်း၊

(ဃ) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနပြောရေးဆိုခွင့်အဖွဲ့ငယ်၏ သတင်းစုဆောင်းထုတ်ပြန်ရေးလုပ်ငန်းများတွင် ဝန်ကြီးဌာနလက်အောက်ရှိ ဌာန/အဖွဲ့အစည်းများမှ အထောက်အကူပေးနိုင်ရေးအတွက် ဆက်သွယ်ဆောင်ရွက်ပေးခြင်း။

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)၊
(ဝင်းမြင့်၊ ဒုတိယဝန်ကြီး)၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စွမ်းအင်ဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၅)

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်
( ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက် )

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ဝန်ကြီးရုံး၊ စွမ်းအင်စီမံရေးဦးစီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းစသည့် ဌာန (၅)ခုရှိပြီး အရာထမ်း (၂၈၂၄) နေရာ၊ အမှုထမ်း (၃၉၈၅၀) နေရာ၊ စုစုပေါင်း (၄၂၆၇၄) နေရာဖြင့် ဖွဲ့စည်းထားရှိရာမှ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၅) သဘောတူခွင့်ပြုချက်အရ ယခုအခါ စွမ်းအင်ဝန်ကြီးဌာနအား အောက်ဖော်ပြပါဌာနအတိုင်း ယှဉ်တွဲပါအင်အားဖြင့် လျှော့ချပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| စဉ် | ဌာန | အရာထမ်း | အမှုထမ်း | စုစုပေါင်း |
|---|---|---|---|---|
| (က) | ဝန်ကြီးရုံး | ၅၀ | ၁၁၅ | ၁၆၅ |
| (ခ) | မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း | ၁၃၉၉ | ၁၃၄၃၇ | ၁၄၈၃၆ |
| (ဂ) | မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း | ၁၀၂၆ | ၇၈၅၂ | ၈၈၇၈ |
| (ဃ) | မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း | ၃၃၅ | ၄၆၃၅ | ၄၉၇၀ |
| | **စုစုပေါင်း** | **၂၈၁၀** | **၂၆၀၃၉** | **၂၈၈၄၉** |

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၁၅

၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၁ ရက်
( ၂၀၁၅ ခုနှစ်၊ မေလ ၁၈ ရက် )

### ရေနံထွက်ပစ္စည်းများ တင်သွင်း သိုလှောင် သယ်ယူ ချက်လုပ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီဖွဲ့စည်းခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာနသည် စျေးကွက်စီးပွားရေးစနစ်နှင့်အညီ ပြောင်းလဲကျင့်သုံးလာသည့် ပုဂ္ဂလိကကဏ္ဍတွင် ရေနံထွက်ပစ္စည်းများ ပြည်တွင်းသို့တင်သွင်းခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူခြင်း၊ ချက်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများနှင့်ပတ်သက်၍ စနစ်တကျထိန်းသိမ်းကြီးကြပ်ကွပ်ကဲနိုင်ရန်အတွက် ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင်သယ်ယူချက်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီအား အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

(က) ဒုတိယဝန်ကြီး (စီမံ) ဥက္ကဋ္ဌ (၁)
စွမ်းအင်ဝန်ကြီးဌာန

| | | |
|---|---|---|
| (ခ) | ဒုတိယဝန်ကြီး (ရေနံ)<br>စွမ်းအင်ဝန်ကြီးဌာန | ဥက္ကဋ္ဌ (၂) |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>မီးသတ်ဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>သတ္တုတွင်းဦးစီးဌာန<br>သတ္တုတွင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒုတိယညွှန်ကြားရေးမှူး<br>နေပြည်တော်ကောင်စီအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း | အဖွဲ့ဝင် |
| (ဏ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>စွမ်းအင်ဝန်ကြီးဌာန | အတွင်းရေးမှူး |
| (တ) | ဒုတိယညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း<br>စွမ်းအင်ဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး (၁) |
| (ထ) | လက်ထောက်ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း<br>စွမ်းအင်ဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး (၂) |

၂။ အဆိုပါကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ရေနံထွက်ပစ္စည်းများတင်သွင်းသိုလှောင်သယ်ယူချက်လုပ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို တရားဝင်လိုင်စင်ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်လုပ်ကိုင်စေရေးစိစစ်ထိန်းသိမ်းကြီးကြပ်ခြင်း။

(ခ) ရေနံထွက်ပစ္စည်းများကို သတ်မှတ်ထားသော စံချိန်စံညွှန်း၊ အရည်အသွေးနှင့်အခြင်အတွယ် ပြည့်မီမှန်ကန်စေရေး စိစစ်ထိန်းသိမ်းကြီးကြပ်ခြင်း၊ ဒေသန္တရရေနံချက်ဖိုများအား သတ်မှတ်လုပ်ငန်းစဉ်များအတိုင်း လိုက်နာခြင်း ရှိ/မရှိ စိစစ်ကြပ်မတ်ခြင်း။

(ဂ) တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ရေနံထွက်ပစ္စည်းများတင်သွင်း သိုလှောင်သယ်ယူ ချက်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီများ ဖွဲ့စည်းပေးခြင်းနှင့်လုပ်ငန်းတာဝန်များသတ်မှတ်ပေးခြင်း ကြီးကြပ်ကွပ်ကဲဆောင်ရွက်ရန်အတွက် လိုအပ်သည့်အချက်များအား တိုင်းဒေသကြီးနှင့် ပြည်နယ်ဆပ်ကော်မတီများသို့ ထပ်ဆင့်ညွှန်ကြားချက်ထုတ်ပြန်ဆောင်ရွက်ခြင်း။

(ဃ) လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းမှုရှိစေရေးနှင့်သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိစေရေး လမ်းညွှန်ကြီးကြပ်ခြင်း။

(င) အရည်အသွေးစစ်ဆေးရန် ဓာတ်ခွဲခန်းများ သတ်မှတ်ပေးခြင်း။

(စ) ဤကော်မတီမှ ထုတ်ပြန်သည့် အမိန့် ညွှန်ကြားချက်များကိုဖြစ်စေ၊ လိုင်စင်ပါစည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်ကိုဖြစ်စေ၊ လိုက်နာဆောင်ရွက်ခြင်းမရှိပါကလိုအပ်သလို အရေးယူဆောင်ရွက်ခြင်း။

၃။ ဤရုံး၏ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၅) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဇေယျာအောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စွမ်းအင်ဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပညာရေးဝန်ကြီးဌာန
## (ပြည်ထောင်စုဝန်ကြီးရုံး)

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်
( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက် )

အမှတ် ၃ ။ ။ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် (ကြာသပတေးနေ့) တွင် ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၅) ၏ သဘောတူခွင့်ပြုချက်အရ ပညာရေးဝန်ကြီးဌာနကို ဝန်ကြီးရုံးနှင့် ဦးစီးဌာန (၉) ခုဖြင့် ဖွဲ့စည်းထားရာမှ ဖွဲ့စည်းပုံအင်အားပြင်ဆင်လျက် ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာန (၇) ခုအဖြစ် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင်၍ အောက်ဖော်ပြပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| စဉ် | မူလဦးစီးဌာနအမည် | မူလအင်အား | | | ပြင်ဆင်ပြောင်းလဲသည့် ဦးစီးဌာန | လက်ရှိအင်အား | | |
|---|---|---|---|---|---|---|---|---|
| | | အရာထမ်း | အမှုထမ်း | ပေါင်း | | အရာထမ်း | အမှုထမ်း | ပေါင်း |
| ၁ | ဝန်ကြီးရုံး | ၁၉ | ၂၇ | ၄၆ | ပြည်ထောင်စုဝန်ကြီးရုံး | ၅၃ | ၁၅၂ | ၂၀၅ |
| ၂ | အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) | ၄၅ | ၃၀၀ | ၃၄၅ | အဆင့်မြင့်ပညာဦးစီးဌာန (ရုံးချုပ်) | ၄၆ | ၁၂၀ | ၁၆၆ |
| | အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) | ၄၅ | ၂၆၅ | ၃၁၀ | တွဲဖက်ဌာန (၆) ခု | ၆၂ | ၃၁၆ | ၃၇၈ |
| | | | | | ကော်မတီ (၄) ခု | ၆၈ | ၁၆၄ | ၂၃၂ |
| | တွဲဖက်ဌာန (၆) ခု | ၄၃ | ၅၁၈ | ၅၆၁ | | | | |
| | **ပေါင်း** | **၁၃၃** | **၁၀၈၃** | **၁၂၁၆** | **ပေါင်း** | **၁၇၆** | **၆၀၀** | **၇၇၆** |

| စဉ် | မူလဦးစီးဌာနအမည် | မူလအင်အား | | | ပြင်ဆင်ပြောင်းလဲသည့် ဦးစီးဌာန | လက်ရှိအင်အား | | |
|---|---|---|---|---|---|---|---|---|
| | | အရာထမ်း | အမှုထမ်း | ပေါင်း | | အရာထမ်း | အမှုထမ်း | ပေါင်း |
| ၃ | ပညာရေးစီမံကိန်းနှင့် | ၄၂ | ၈၆၀ | ၉၀၂ | ဆရာအတတ်ပညာနှင့် | ၅၂ | ၁၁၉ | ၁၇၁ |
| | လေ့ကျင့်ရေးဦးစီးဌာန | | | | လေ့ကျင့်ရေးဦးစီးဌာန(ရုံးချုပ်) | | | |
| | - ပညာရေးကောလိပ် | ၉၂၄ | ၂၈၇၇ | ၃၈၀၁ | - ပညာရေးကောလိပ် | ၂၄၁၅ | ၃၃၃၉ | ၅၇၅၄ |
| | (၂၀) ကျောင်း | | | | (၂၀) ကျောင်း | | | |
| | - လေ့ကျင့်ရေးအလယ်တန်း | ၂၀ | ၅၀၂ | ၅၂၃ | - လေ့ကျင့်ရေးအလယ်တန်း | ၂၀ | ၇၃၅ | ၇၅၆ |
| | ကျောင်း (၂၀) ကျောင်း | | | | ကျောင်း (၂၀) ကျောင်း | | | |
| | | | | | **ပေါင်း** | **၂၄၈၈** | **၄၁၉၃** | **၆၆၈၁** |
| ၄ | | | | | လူ့စွမ်းအားအရင်းအမြစ်နှင့် | ၅၉ | ၁၉၉ | ၂၅၈ |
| | | | | | ပညာရေးစီမံကိန်းဦးစီးဌာန | | | |
